ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 8 July 2023 ၁၁၁၅၀

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### သစ်တောထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းကို တိတိကျကျ စနစ်တကျဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်

# သစ်ပင် သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ပြီး စနစ်တကျ စီမံအုပ်ချုပ်ထိန်းသိမ်းဆောင်ရွက်




နေပြည်တော် ဇူလိုင် ၇

၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင် ကြိုးဝိုင်း အကွက်အမှတ်(၁၄)အတွင်း ရန်ကုန်–မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရားအဝင်လမ်းဝဲ၊ ယာဉ်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကံ့ကော်ပျိုးပင်ကိုဦးဆောင်စိုက်ပျိုးပေးစဉ်။



ကြေးမုံ

# ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက ယဉ်ကျေးမှု အစဉ်အလာကြီးမားခဲ့သည့်နိုင်ငံဖြစ်သည်။ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ မြောက်ဦး၊ ပုဂံ စသည့်ယဉ်ကျေးမှုမြင့်မားသော မြို့ပြနိုင်ငံများ တည်ထောင်နိုင်ခဲ့မှုနှင့် အတူ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များပါ ထွန်းကားခဲ့သည်။ အတိတ်သမိုင်းခေတ်ကာလများက အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုများ ထွန်းကားခဲ့သောကြောင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရှိန်ကိုတက်စေခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များမှာ ယနေ့ထက်တိုင် နိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းလျက်ရှိသည်။ အစောဆုံးမြို့ပြ ထွန်းကားခဲ့သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ရှေးမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုကသတ်မှတ်ခဲ့ပြီး နှစ်ပေါင်း ထောင်ကျော်ရှေးဟောင်းဗိသုကာလက်ရာများ တစုတဝေးတည်း တည်ရှိနေသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသည်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ အဖြစ် ထိုက်တန်စွာရရှိခဲ့ပြီးဖြစ်သည်။ အလားတူ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်ဒေသများနှင့် ရှေးဟောင်းယဉ်ကျေးမှု ဗိသုကာလက်ရာများစွာ နိုင်ငံအနှံ့တွင် ရှိနေသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုစည်းနေထိုင်ကြကာ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ယနေ့ထက်တိုင် စုံလင်စွာ ဖြစ်ထွန်းလျက်ရှိသည်။ မြန်မာတစ်မျိုးသားလုံး၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျန်ရှိရစ် သော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များအပြင် ရုပ်ဝတ္ထုမဟုတ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု များလည်း အမြောက်အမြားရှိသည်။ နှစ်ပေါင်းရှည်ကြာဖြစ်ထွန်းခဲ့သည့် ဒြပ်မဲ့ ယဉ်ကျေးမှုများအနက် မြန်မာနိုင်ငံ၏ ပထမဆုံး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုသို့ ၂၀၂၀ ပြည့်နှစ်က တင်ပြခဲ့ ပြီးဖြစ်သော်လည်း ပြည့်စုံစွာပြန်လည်ရေးသွင်းရမည့် အချက်အလက်အချို့ လိုအပ် နေကြောင်း မြန်မာနိုင်ငံအား အကြောင်းကြားထားသည်။

မြန်မာတို့၏ အစဉ်အလာကြီးမားသော မဟာအတာသင်္ကြန်ပွဲတော်ကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး အဆိုပြုစာတွဲကို ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့က ယူနက်စကိုသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စာရင်းကောက်ယူထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခုရှိသည်။ ၎င်းတို့ကို မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်း (ပထမအကြိမ်)အဖြစ် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့တွင် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ပြည်သူများကလည်း အမျိုးသားရေးအသိဖြင့် ပါဝင်လက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် သက်ဆိုင်ရာဥပဒေများသည် အရေးပါပြီး ခေတ်နှင့်ဆီလျော်သည့် ဥပဒေများကို လည်း ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ထုတ်ပြန်ထားသည့်ဥပဒေများနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အများအားဖြင့် သိရှိနားလည်ထားခြင်းမရှိပေ။ ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ ဥပဒေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာများပေးဝေကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဥပဒေများကို သိရှိနားလည်ထားခြင်းဖြင့် ဥပဒေနှင့်အညီ ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်ပြီး ပြည်သူတို့၏ လူနေမှုဘဝနှင့်ဂုဏ်ဒြပ်မြင့်မားရေးကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင် မည်ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော ရတနာ တစ်ပါးကဲ့သို့ တန်ဖိုးကြီးမားလှသဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိ သည်။ ဒြပ်ရှိယဉ်ကျေးမှုများကို သဘာဝဘေးအန္တရာယ်များနှင့် လူတို့အန္တရာယ်များ ကျရောက်မှုမှ စနစ်တကျကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ဒြပ်မဲ့ ယဉ်ကျေးမှုများမှာ တိုင်းရင်းသားလူမျိုးများအားလုံးကြားတွင် တည်ရှိနေသဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် လူသားတစ်ဦး သို့မဟုတ် လူသားမျိုးနွယ်တစ်စု စတင် ဖြစ်တည်သည်မှ ကာလတစ်လျှောက်လုံး ဖြစ်ပေါ်တိုးတက်၊ ထိတွေ့ဆက်ဆံရသော အရာအားလုံးကို ဆိုလိုနိုင်သည်။ လူမှုဘဝတိုးတက်ဖြစ်ထွန်းမှုများသည် ယဉ်ကျေး မှုတိုးတက်မြင့်မားလာခြင်းဖြစ်သည်။ တိုးတက်ဖြစ်ထွန်းမှုအားလုံးကို မှတ်တမ်း တင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်။ ဒြပ်ရှိယဉ်ကျေးမှုဟူသည် လူသား တို့ကိုင်တွယ်ပြုလုပ်ခဲ့သော အရာအားလုံးပါဝင်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုဟူသည်မှာ လူသားတို့၏ ဘာသာစကား၊ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်မှု၊ ထုံးတမ်း အစဉ်အလာ၊ အနုသုခုမ စသည်တို့အားလုံးပါဝင်သည်။

သို့ဖြစ်ရာ ယဉ်ကျေးမှုပျောက်ပါက လူမျိုးပျောက်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာ ယဉ်ကျေးမှုများ မပျောက်ပျက်စေရန်အတွက် နိုင်ငံတော်၏လူမှုရေးဦးတည်ချက် နှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ကြရမည်ဖြစ်ပါကြောင်း။ ။

## ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၃ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်သိန်းသိန်းနှင်းအား ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်သီဟ ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဗဟန်းမြို့နယ် အခြေခံပညာကျောင်းများ၌ အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြော



ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပညာရေးဌာန၏ကြီးကြပ်မှုဖြင့်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်မိုးမိုးလွင်က ဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အာဇာနည်နေ့ ပေါ်ပေါက်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏အကြောင်းကို ကျောင်းသားကျောင်းသူများက ဟောပြောခဲ့ကြသည်။ ဗဟန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ကျောင်းများအလိုက် ကျင်းပခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၃၆၁ | ၂,၉၆၀,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃,၈၀၇ | ၁၀,၈၈၉,၉၅၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၈၉ | ၆၃၁,၉၀၀ |
| FPB | ၁,၅၅၀ | ၁,၅၀၀ | ၂,၁၇၄ | ၃,၃၄၆,၉၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၄,၇၁၀ | ၁၁,၁၂၆,၈၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၃၆,၀၉၅ | ၆၄,၉၇၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

* ရှေ့ဖုံးမှ
ယခုနှစ် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ကောင်းမွန်စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရေး တိုက်တွန်းနှိုးဆော်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း။

**နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိ**

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် သစ်ပင်သစ်တောများ မပြုန်းတီးရေးနှင့် တိုးပွားစေရန် နိုင်ငံနှင့်အဝှမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ သစ်မျိုး ၁၃ မျိုး၊ အပင်အရေအတွက် ၂၂၂၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများသည် ကဏ္ဍစုံတွင် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းရရှိနိုင်ပါကြောင်း၊ သစ်တောသစ်ပင်များသည် ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေပါကြောင်း၊ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ပါကြောင်း၊ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများ ပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

**မြန်မာ့သစ်တောမူဝါဒကို အခြေခံ**

နိုင်ငံ၏ အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန် အတွက် ချမှတ်ထားသည့် မြန်မာ့သစ်တောမူဝါဒကို အခြေခံပြီး သစ်တောများကို စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် အစရှိသည့် အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့် ရှုမြင်ပြီး စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုကို ပြန်လည် လေ့လာကြည့်မည်ဆိုပါက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတ သစ်တောများ၏ ပြုန်းတီးမှုလျော့နည်းရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**စဉ်ဆက်မပြတ်လုပ်ဆောင်**

သစ်တောများ တစ်စထက်တစ်စ ပြုန်းတီးလာခြင်းနှင့်အတူ ရာသီဥတု ဆိုးရွားလာပြီး မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာကာ ရေချိုများ ခန်းခြောက်လာသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် မြေဆီလွှာများ ပျက်စီးပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း အစရှိသည့် ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါကြောင်း၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေကြရပြီဖြစ်သဖြင့် သစ်တောများ မပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် လူဦးရေ ၅၅ သန်းကျော်ရှိပြီး နိုင်ငံအကျယ်အဝန်း၊ မြေအနေအထား၊ ရာသီဥတု၊ မြစ်ချောင်းများတည်ရှိမှုအရ မြေပေါ်သယံဇာတဖြစ်သည့် သစ်တောများအခြေခံသော စက်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ကောင်းစွာဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ သစ်တောထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းကို တိတိကျကျ စနစ်တကျဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း နိုင်ငံ၏မြန်မာ့အဖိုးတန် သဘာဝတောများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်များ ပြန်လည်ပြုစုထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ၁၀ နှစ်တာကာလ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၁၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိသည်ကို သိရပါကြောင်း။

**ပြန်လည်စိုက်ပျိုးပြုစုထိန်းသိမ်း**

ထိုသို့စိုက်ပျိုးရာတွင် မေ ၁၄ ရက်က ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် အင်အားပြင်းထန် ကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ပျက်စီးသွားသော သစ်ပင်သစ်တောများကို စနစ်တကျ ပြန်လည်စိုက်ပျိုးပြုစုထိန်းသိမ်းဆောင်ရွက်ရန်နှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝအကာအကွယ်များဖြစ်သည့် ဒီရေတောများ၊ သဘာဝအစိမ်းရောင်တံတိုင်းများဖြစ်သည့် သစ်ပင်သစ်တောများကို အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးထိန်းသိမ်းကြရန် အထူးအလေးထားမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားရှိသော အဓိကလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရထားလမ်းများတစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း၊ လမ်းနယ်နိမိတ်ပြင်ပ မီတာ ၅၀၀ အတွင်း တောပါးသည့်နေရာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး သစ်ပင်များစိုက်ပျိုးနိုင်ရေး Master Plan ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

☆ **သစ်တောများ တစ်စထက်တစ်စ ပြုန်းတီးလာခြင်းနှင့်အတူ ရာသီဥတု ဆိုးရွားလာပြီး မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာကာ ရေချိုများ ခန်းခြောက်လာသည်ကိုတွေ့ရ**

☆ **မြေဆီလွှာများ ပျက်စီးပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း အစရှိသည့် ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရ**

☆ **ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေကြရပြီဖြစ်သဖြင့် သစ်တောများ မပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်**

* စာမျက်နှာ ၃ မှ

အလားတူ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန်၊ နိုင်ငံနှင့်အဝှမ်း ကျေးရွာများတွင် ဒေသအလိုက်သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ တောင်ထိပ်၊ တောင်ကုန်း တောင်တန်းများတွင် သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ သစ်ပင်များ စိုက်ပျိုးရန်၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန် စသည့်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ထို့ပြင် အမျိုးသားသစ်တောကဏ္ဍရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောများ၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းရေးနှင့် ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးကိုလည်း ပြည့်မီအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားစေရေး၊ သာယာလှပပြီး အဆင့်မီသည့် Green City၊ Clean City ဖြစ်စေရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ နိုင်ငံအဝှမ်းမြို့ပြများနှင့် ရပ်ရွာဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် လမ်းဘေးဝဲယာသစ်ပင်သစ်တောများ၊ စိမ်းလန်းမြေများ (Green Spaces)၊ ဥယျာဉ်များ၊ ပန်းခြံများ၊ မြို့ပြသစ်တောများ၊ တစ်အုပ်တစ်မ စိုက်ခင်းများနှင့်စိမ်းလန်းစိုပြည်သည့် Landscape များကို တိုးမြှင့်တည်ထောင်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ်ထားရှိပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် အမျိုးသားရေး လုပ်ငန်းတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ပြီး စနစ်တကျစီမံအုပ်ချုပ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံ၏သစ်တောသယံဇာတများ သားစဉ်မြေးဆက် ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးတို့အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခင်းကျင်းပြသထားသည့် သစ်ပင်များ စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ်ကိုင်းဖျားသုံး နုန်းထိန်းတမံများပြုလုပ်ခြင်း၊ ပေါ်လိုနီးယား သစ်မျိုးနှင့်ပတ်သက်သည့် အချက်အလက်များ၊ ကြီးမြန်သစ်ပင် မာလာလူးကားသစ်မျိုး စိုက်ခင်းတည်ထောင်ခြင်းနှင့် အသုံးပြုခြင်းတို့ကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေနှင့် စိန်ပန်း စသည့် သစ်မျိုးများအပါအဝင် သစ်မျိုး ၁၃ မျိုး ပျိုးပင် စုစုပေါင်း ၂၂၂၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ခင်းကျင်းပြသထားသည့် ကြီးမြန်သစ်ပင် မာလာလူးကားသစ်မျိုး စိုက်ခင်းတည်ထောင်ခြင်းနှင့် အသုံးပြုခြင်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် နေပြည်တော်-ရန်ကုန် အဝေးပြေးလမ်းမကြီးရှိ လမ်းညွှန်းအမှတ်အသားများ တပ်ဆင်ထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းရှိ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် နေပြည်တော်-တောင်ငူ အဝေးပြေးလမ်းနှင့် ပဲခူး-ရန်ကုန် ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းညွှန်းအမှတ်အသားများ တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အမြန်လမ်းမကြီးတစ်လျှောက် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ စိုက်ထူရေးဆွဲတပ်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ အင်ဂျင်နီယာချုပ်က အမြန်လမ်းမကြီးတစ်လျှောက် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ဖြစ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မိုင်တိုင် ၁၆၇ နေရာ၌ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ ပြည့်စုံအောင် စိုက်ထူရေးဆွဲထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း အဆင့်(၁) ၏ ပဲခူး-ညောင်လေးပင် လမ်းပိုင်း(CP-102)စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ စီမံကိန်း မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အပိုင်းလိုက် စီမံကိန်းအင်ဂျင်နီယာများက ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ အပိုင်း(၁) ဖြစ်သော ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း၌ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ စီမံကိန်း၏ သတ်မှတ်ကာလများအတိုင်း အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းအရည်အသွေး ပြည့်မီစေရန်အတွက် သတ်မှတ်ထားသည့် ဒီဇိုင်းမှန်ကန်မှု၊ စီမံကိန်းတွင် တည်ဆောက်ရေး ပစ္စည်းများ မှန်ကန်စွာ အသုံးပြုမှု၊ လုပ်ငန်းခွင်၌ လုပ်သားများ၏ ကျွမ်းကျင်မှု စသည်တို့သည် အဓိကလိုအပ်ချက်များ ဖြစ်သောကြောင့် ဌာနမှတာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာ အကြံပေးအဖွဲ့နှင့် စီမံကိန်း ကန်ထရိုက်တာအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအား အရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်စေရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေး လုပ်ငန်းအလိုက် အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားပြီး စီမံကိန်း တာဝန်ရှိသူများကို စားသောက်ဖွယ်ရာများနှင့် သစ်သီးခြင်း ပေးအပ်သည်။

ထို့နောက် ဒိုက်ဦးဘူတာနှင့် အိမ်ခြေလေးဆယ်ဘူတာကြားရှိအရှည် ပေ ၃၈၀ ရှိ ရဲနွယ်ချောင်းကူး (တံတားအမှတ် 116-B )နှင့် ဒိုက်ဦး-စစ်တောင်းကားလမ်းပေါ်ရှိ ရထားသံလမ်းကူး (Level Crossing အမှတ် - 51)နေရာများတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကာ စီမံကိန်းလုပ်ငန်းခွင်ရှိ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် ပဲခူးမြို့တွင်းလမ်း လမ်းဆုံနေရာရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီး အတွင်းလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ကိုက်ညီပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ပြီးစီးမှု၊ အဆိုပါလမ်းဆုံနေရာတွင် ယခင်က ယာဉ်တိုက်မှုများပြားသောကြောင့်အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းညွှန်းများ၊ အချက်ပြများ၊ လမ်းအမှတ်အသားများ တစ်ပြေးညီဖြစ်စေရေးကြီးကြပ်မှုကော်မတီ ၏ ကွင်းဆင်းစစ်ဆေးအကြံပြုချက်များနှင့်အညီ ပြည့်စုံအောင် စိုက်ထူရေးဆွဲထားရှိမှုကြောင့် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ရွာသာကြီးရှိ မြန်မာ့မီးရထား ရွာသာကြီးကုန်းတွင်းဆိပ် (Dry Port) သို့ ရောက်ရှိပြီး ရွာသာကြီးကုန်းတွင်းဆိပ် (Dry Port) အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇူလိုင် ၇

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဝန်ကြီးဌာန အဆင့် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ထူးချွန်ဆုရရှိကြသူများ၊ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူဆောင်ရွက်သွားကြရမည့်သူများ ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးကြောင်း၊ နည်းပညာသစ်များဖြင့် စိန်ခေါ်မှု၊ ပြိုင်ဆိုင်မှုများပြားသည့် ယနေ့ကမ္ဘာကြီးတွင် သားငယ်၊ သမီးငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချ၍ အစဉ်ကြိုးစား သင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း၊ တစ်ချိန်တွင် နိုင်ငံတော်အတွက် အားထားရသည့် လူငယ်များဖြစ်အောင် ကြိုးစားသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ (၆) ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ (၅) ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၄၄ ဦး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၇ ဦး၊ ဝန်ကြီးဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ကိုးဦး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆု ဖလားကြီးကိုရရှိခဲ့သည့် ဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းနှင့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ထမ်း ၁၄ ဦးတို့ကို ဂုဏ်ပြုဆုများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများထံ ပညာသင် ထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ဆုရကျောင်းသား ကျောင်းသူများ၊ သင်တန်းထူးချွန်ဆု ရရှိသူများနှင့် အားကစားထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရင်သွေးငယ်များအား ထူးချွန်အောင်ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘဝန်ထမ်းများနှင့် ကြိုးစားဖြေဆို အောင်မြင်ခဲ့ကြသည့် ထူးချွန်သူ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကချင်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ကချင်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအား ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေသွေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုပညာသင်နှစ်တွင် KG+Grade 9 အထိ ပညာသင်ကြားနေသူ ကျောင်းသား ကျောင်းသူပေါင်း ၇၂ သိန်းကျော်ရှိရာ ထိုကျောင်းသား ကျောင်းသူများအားလုံး ကျောင်းထွက်သူမရှိရေး၊ ကျောင်းနေမြဲရေးအတွက် အားလုံးက ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ KG+Grade 9 ပညာသင်ယူပြီးပါက မိမိတို့ဝါသနာပါရာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်း ပညာရပ်များကို ဆက်လက်သင်ယူနိုင်ကြောင်း၊ ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး မွေးမြူရေးတွဲဖက်အထက်တန်းကျောင်းပေါင်း ၅၁ ကျောင်း ဖွင့်လှစ်ထားကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အဆိုပါစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းကို အလယ်တန်းကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသိပေးပြောကြားစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် စာရင်းဇယား၊ အချက်အလက်များ ပြုစုပေးပို့ရာတွင် မှန်မှန်ကန်ကန်ဖြစ်စေရေး အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများကို စီမံအုပ်ချုပ်မှုဆိုင်ရာ ဒီပလိုမာသင်တန်း ဖွင့်လှစ်ပို့ချပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ကျောင်းအဆောက်အအုံသစ် တည်ဆောက်နေမှုနှင့် စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားတက္ကသိုလ်ရှိ တက္ကသိုလ်သုတေသနစင်တာသို့သွားရောက်၍ စက်ပစ္စည်းများကို သုတေသနလုပ်ငန်းများအတွက် အကျိုးရှိထိရောက်အောင် အသုံးပြုကြရန်၊ စက်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်၊ တက္ကသိုလ်၏ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# လုပ်ငန်းခွင်ပြင်ပ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

သဃ်န်းကျွန်း ဇူလိုင် ၇

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆ ထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိက သဃ်န်းကျွန်းမြို့နယ် လူမှုဖူလုံ ရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Innovis Services Myanmar Co.,Ltd.မှ အာမခံအလုပ်သမား ဦးလှလိုင်၏ လုပ်ငန်းခွင်ပြင်ပ မတော်တဆ ထိခိုက်ဒဏ်ရာရ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၆၁၁၂၄၇၅၀ ကို ကျန်ရစ်သူမိသားစုအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီ(ရုံးအဖွဲ့) ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်–

**တွေ့ဆုံမေးမြန်း- ဝင်းဝင်း**

**မေး ။ ။ သတင်းနှင့် ပြန်ကြားရေး ကော်မတီအနေနဲ့ မိုခါ မုန်တိုင်းနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

**ဖြေ ။ ။** သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီအနေနဲ့ မုန်တိုင်းမဝင်ရောက်မီ ကာလမှာ ကြိုတင်ပြီး နိုင်ငံပိုင်မီဒီယာတွေဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ FMနဲ့နိုင်ငံပိုင်သတင်းစာတွေမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်တွေကို နေ့စဉ်ဖော်ပြ ထုတ်လွှင့်ပေးတဲ့အပြင် အွန်လိုင်းစာမျက်နှာတွေဖြစ်တဲ့ MOI Web portal, Myanmar Digital News Website တွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့ပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာဌာနတွေက ပေးပို့တဲ့ မုန်တိုင်းမကျရောက်မီ မုန်တိုင်းကျရောက်စဉ်နဲ့ မုန်တိုင်းကျရောက်ပြီး လိုက်နာနေထိုင်ရမယ့် အချက်အလက်တွေကိုလည်း ကြိုတင်ပြီး နေ့စဉ်အသိပေးဖော်ပြခဲ့ပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကထုတ်ဝေတဲ့ မုန်တိုင်းအသိပညာပေး လက်ကမ်းစာစောင်တွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေပူးပေါင်းပြီး ရခိုင်ပြည်နယ်က သဘာဝဘေးဒဏ်ကျရောက်နိုင်တဲ့ မြို့နယ် ၁၇ မြို့နယ်က ကမ်းခြေဒေသတွေ၊ ဈေးတွေ၊ လမ်းဆုံလမ်းခွနဲ့ လူစည်ကားရာနေရာတွေမှာ ဖြန့်ဝေပေးခဲ့ပါတယ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်တဲ့ မုန်တိုင်းသတိပေးချက်၊ လေဖိအားနည်းရပ်ဝန်းအခြေအနေ စတဲ့ထုတ်ပြန်ချက်တွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဌာနဆိုင်ရာတွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး ရခိုင်ပြည်နယ်က သဘာဝဘေးဒဏ်ကျရောက်နိုင်တဲ့ မြို့နယ် ၁၇ မြို့နယ်မှာ တစ်ရက်သုံးကြိမ် အသံချဲ့စက်တွေနဲ့ ကြေညာပေးတာတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

မုန်တိုင်း ကျရောက်ပြီးနောက် သတင်းတွေကို ပုံမှန်ထုတ်ပြန်နိုင်ဖို့ စစ်တွေမှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှာ Uplink Unit V Sat တပ်ဆင်ထားပြီး AVI West တစ်လုံးကိုမေလ ၁၀ ရက်နေ့မှာပို့ဆောင်ထားခဲ့ပါတယ်။ ဒါ့အပြင် Back Pack တစ်စုံကိုလည်း မေလ ၁၁ ရက်နေ့မှာ မောင်တောမြို့ကို ပို့ဆောင်ထားပြီး သတင်းထုတ်ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ထားခဲ့ပါတယ်။

မုန်တိုင်းကျရောက်နိုင်ခြေ အများဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ်က မြေပြင်အခြေအနေအမှန်ကို နိုင်ငံတကာနဲ့ ပြည်သူတွေသိရှိနိုင်ဖို့ မုန်တိုင်းကျရောက်ခဲ့မှုအခြေအနေ၊ ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေး စတဲ့သတင်းအချက်အလက်တွေကို ရယူနိုင်ဖို့ ရိုက်ကူးရေးအဖွဲ့နဲ့ သတင်းအဖွဲ့တွေကို စစ်တွေမြို့ကို ကြိုတင်စေလွှတ်ထားရှိခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်နဲ့ နေပြည်တော်မှာလည်းသတင်းနဲ့ ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့စီ အသင့်ကြိုတင် စုဖွဲ့ပြင်ဆင်ထားရှိခဲ့ပါတယ်။

> **“မိုခါ” မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံက မီတာ ၁၀၀ တာဝါတိုင် ပျက်စီးသွားခဲ့ပါတယ်။ ရုပ်မြင်သံကြားထုတ်လွှင့်တာတွေ ရပ်ဆိုင်းမှုမရှိစေဖို့ မီတာ ၃၀ တာဝါတိုင်၊ ထပ်ဆင့်လွှင့်စက်တွေကို လေကြောင်းကနေ အမြန်ဆုံးပို့ဆောင်ပြီး ဌာနက ကျွမ်းကျင်ပညာရှင်တွေနဲ့ ပြန်လည်တည်ဆောက်ခဲ့တဲ့အတွက် မေလ ၃၀ ရက်နေ့ ညနေ ၆ နာရီ ကစပြီး မီးစက်နဲ့ ရုပ်သံထုတ်လွှင့်ခြင်းတွေကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါတယ်”**



ညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်



ပြန်လည်ပြုပြင်ပြီးသော တာဝါတိုင်ကို တွေ့ရစဉ်။

**မေး ။ ။ မုန်တိုင်းဝင်ရောက်ပြီးချိန်မှာ ဘယ်လိုတွေ ဆက်လက်ဆောင်ရွက်ခဲ့တယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

**ဖြေ ။ ။** “မိုခါ”မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံက မီတာ ၁၀၀ တာဝါတိုင် ပျက်စီးသွားခဲ့ပါတယ်။ ရုပ်မြင်သံကြားထုတ်လွှင့်တာတွေ ရပ်ဆိုင်းမှုမရှိစေဖို့ မီတာ ၃၀ တာဝါတိုင်၊ ထပ်ဆင့်လွှင့်စက်တွေကို လေကြောင်းကနေ အမြန်ဆုံးပို့ဆောင်ပြီး ဌာနက ကျွမ်းကျင်ပညာရှင်တွေနဲ့ ပြန်လည် တည်ဆောက်ခဲ့တဲ့အတွက် မေလ ၃၀ ရက်နေ့ ညနေ ၆ နာရီကစပြီး မီးစက်နဲ့ ရုပ်သံထုတ်လွှင့်ခြင်းတွေကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုဆိုရင် MRTV ကထုတ်လွှင့်တဲ့ အစီအစဉ်တွေကို ပုံမှန်ပြန်လည်ကြည့်ရှုလို့ရနေပြီဖြစ်ပါတယ်။

အလားတူ မုန်တိုင်းဒဏ်ကြောင့် နိုင်ငံပိုင်သတင်းစာ ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိတဲ့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)က ပုံနှိပ်အကြိုလုပ်ငန်းခန်းနဲ့ ပုံနှိပ်စက်ခန်းတွေမှာ အမိုးသွပ်တွေလန်ပြီး ရေဝင်ရောက်ခဲ့တာကြောင့် သတင်းစာတွေပုံနှိပ်ထုတ်ဝေဖို့ ခေတ္တရပ်ဆိုင်းခဲ့ရပါတယ်။ ဒါပေမဲ့ ပြည်သူတွေ သတင်းစာဖတ်ရှုနိုင်ဖို့ ရန်ကုန်ကနေ သတင်းစာတွေကို မော်တော်ယာဉ်၊ လေယာဉ်တို့နဲ့ စစ်တွေမြို့ကို ပို့ဆောင်ပြီး မေလ ၂၃ ရက်နေ့ကစတင်ကာ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို အရင်လို ပြန်လည်ဖတ်ရှုနိုင်ပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ ကြီးကြပ်မှုနဲ့အတူ မုန်တိုင်းကျရောက်ပြီးနောက် မုန်တိုင်းဒဏ်သင့်ဒေသတွေရဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ထောက်ပံ့ကူညီရေးလုပ်ငန်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်တွေအပြင် ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ ကဏ္ဍအလိုက် ဆောင်ရွက်ချက်တွေကို နိုင်ငံပိုင်မီဒီယာတွေမှာ အချိန်နဲ့တစ်ပြေးညီ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးနေပါတယ်။ ဒီလိုဆောင်ရွက်နေတာတွေဟာ ပြည်တွင်းက ပြည်သူလူထုသာမက နိုင်ငံတကာကပါ မုန်တိုင်းဒဏ်သင့်ဒေသတွေရဲ့ ပကတိအခြေအနေမှန်ကို သိရှိစေဖို့နဲ့ တချို့မြန်မာနိုင်ငံအပေါ် သဘောထားမမှန်တဲ့ ပြည်တွင်း/ ပြည်ပက လုပ်ကြံသတင်းတွေအပေါ် တုံ့ပြန်ချိုးဖျက်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်။ ။



ဘူးသီးတောင်မြို့တွင် မုန်တိုင်းမဝင်ရောက်မီ နှိုးဆော်နေမှုကိုတွေ့ရစဉ်။



မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မီတာ ၁၀၀ တာဝါတိုင်ပျက်စီးမှုကိုတွေ့ရစဉ်။

## အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၅ (၂၀၂၃)ခုနှစ် အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်းကို ၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၀ ရက်(တနင်္လာနေ့) နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက်၊ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇၊ ၈ ရက်၊ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၄၊ ၂၅ ရက်တို့တွင် စုဒ္ဒသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ ရက်၊ (၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်) ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားတွင် သံဃာတော်များပင့်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် “လောဘအမှောင်” ဇာတ်ကြီးနှင့်ပတ်သက်သည့် သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ သံဃာတော်များ ပင့်ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲအခမ်းအနား၊ ကျောက်စာရုံစေတီတော်များ ရွှေထီးတော်တင်လှူခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများသို့ ပင့်လျှောက်ထားသည့် ဆရာတော်ကြီးများအား အချိန်မီပင့်ဆောင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းမှ ကြွရောက်တော်မူလာကြမည့် သံဃာတော်များ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနေထိုင်နိုင်ရေးအတွက် ယာယီသီတင်းသုံးနေထိုင်မည့် သံဃာရာမကျောင်းဆောင်နှင့် စည်ပင်ဧည့်ရိပ်သာရှိ အိပ်ခန်းဆောင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ၊ အနောက်တိုင်းဆေးနှင့် တိုင်းရင်းဆေးဝါးများထားရှိရေး၊ ဝေယျာဝစ္စကုသိုလ်ယူဆောင်ရွက်ကြမည့်သူများ ရွေးချယ်တာဝန်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဆရာတော်ကြီးများအား လေကြောင်းခရီး၊ မော်တော်ယာဉ်တို့ဖြင့် ကြိုဆိုပင့်ဆောင်မည့် အစီအစဉ်များနှင့် သံဃာတော်များ ယာယီသီတင်းသုံးတော်မူမည့် သံဃာရာမကျောင်းဆောင်နှင့် စည်ပင်ဧည့်ရိပ်သာတို့တွင် ကြိုဆိုနေရာချထားနိုင်ရေး ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများကို အမှားအယွင်းမရှိ အဆင်ပြေအောင်မြင်ချောမွေ့စေရေး အရာထမ်း/အမှုထမ်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ပေးစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင်များက “လောဘအမှောင်” ဇာတ်ကြီး ဝတ်စုံပြည့်လေ့ကျင့်ဖျော်ဖြေတင်ဆက်အစစ်ဆေးခံခဲ့မှုနှင့် ပတ်သက်သည့် သုံးသပ်ညှိနှိုင်းအစည်းအဝေးကို လောကနတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် ကဇာတ်များ၊ အငြိမ့်များ၊ ဆို ငို ပြောဇာတ်ကြီးများကို တီထွင်တင်ဆက်ကပြခဲ့ရာ ယခုဇာတ်တိုက်လေ့ကျင့်လျက်ရှိသော “လောဘအမှောင်” ဇာတ်ကြီးသည် တတိယမြောက်ဖြစ်ပါကြောင်း၊ ဇာတ်သဘင်၏ အသက်သွေးကြောဖြစ်သော အပြော Dialogue များကို ပိုမိုလေးနက်မှုရှိစေရန် အဓိကထား၍ လမ်းညွှန်ခဲ့ပါကြောင်း၊ မည်သည့်ကိစ္စမဆို အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ထားသော်လည်း မိမိတို့မြင်သည့်အမြင်နှင့် ဘေးမှခြုံငုံသုံးသပ်ရှုမြင်ပုံသည် ခြားနားနိုင်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများမှ ဝေဖန်အကြံပြုချက်များအပေါ် မိမိတို့တာဝန်ယူလုပ်ဆောင်ရသည့်အပိုင်းများမှ ပြန်လည်ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က “လောဘအမှောင်” ဇာတ်ကြီးနှင့် ပတ်သက်၍ အကြံပြုချက်များအပေါ် မူတည်ပြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြား၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီး






နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၄)ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (44th ASEAN Senior Officials Meeting on Drug Matter and Its Related Meeting–ASOD)ကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆက်လက်ကျင်းပသည်။

(၈)ကြိမ်မြောက် ASOD နှင့် တရုတ်နိုင်ငံ ဆွေးနွေးပွဲ(8th ASOD + China Consultation)၊ (၁၆)ကြိမ်မြောက် ASOD နှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံဆွေးနွေးပွဲ (16th ASOD + 3 Consultation) တို့တွင် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်၍ (၉)ကြိမ်မြောက် ASOD နှင့် ကိုရီးယားသမ္မတနိုင်ငံဆွေးနွေးပွဲ(9th ASOD + ROK Consultation)၊ (၆)ကြိမ်မြောက် ASOD နှင့် အိန္ဒိယနိုင်ငံဆွေးနွေးပွဲ (6th ASOD + India Consultation)နှင့် (၅)ကြိမ်မြောက် ASOD နှင့် ရုရှားနိုင်ငံဆွေးနွေးပွဲ (5th ASOD + Russia Consultation)တို့တွင် အလှည့်ကျအာဆီယံနိုင်ငံများ၏ ASOD ခေါင်းဆောင်များက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး မြန်မာ ASOD ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် ၁၆ ဦးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOD ခေါင်းဆောင်များဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေများနှင့်ပတ်သက်၍ သဘောထားအမြင်များ၊ ပရိကာဆာခေတုပစ္စည်း ထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အနာဂတ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### အောင်မြင်စွာ လက်ခံကျင်းပပြီးစီး

ထို့ပြင် ၂၀၂၄ ခုနှစ် (၄၅)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (45th ASEAN Senior Officials Meeting on Drug Matter and Its Related Meeting – ASOD)ကို ဖိလစ်ပိုင်နိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် သဘောတူခဲ့ကြပြီး တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)၏ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)၏ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားတွင် မှာကြားစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)က ကျင်းပသည့် (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ Plenary Hall ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ကန်တော့ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဦးမြင့်စိုး၊ ဒေါက်တာစိုးဝင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဟာသပညာရှင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး (ဗဟို)မှ အဖွဲ့ဝင်များက အစည်းအရုံး (ဗဟို)၏ Theme Song ဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အခမ်းအနားသည် ဗုဒ္ဓဘာသာအယူအဆအရ မျိုးဆက်သစ်ဟာသပညာရှင်များက မိမိတို့အား အတတ်ပညာရပ်များ သင်ကြားပေးခဲ့သည့် သက်ကြီးဆရာများကို ရိုသေစွာ ရှိခိုးပူဇော်ကန်တော့သည့် အခမ်းအနားဖြစ်သည့်အတွက် များစွာမင်္ဂလာကျက်သရေဖြင့် ပြည့်စုံလှကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်လောကတွင် ဟာသပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း အဓိကနေရာတွင် ပါဝင်လျက်ရှိပြီး အနုပညာလောက ပိုမိုတောက်ပစေရန် ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ယနေ့ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)သည် သာမန်ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ နိုင်ငံတော်က အလေးထားရပြီး ပြည်သူများကို အလုပ်အကျွေးပြုမည့် အနုပညာရှင်အင်အားတစ်ရပ်အဖြစ်ရည်ရွယ်၍ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်လည်း အနုပညာရှင်များကို အလေးထား၍ အနုပညာလောက တိုးတက်စေရန်အတွက် များစွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့်လည်း အနုပညာရှင်များအတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ဖြူစင်ရိုးသားသည့်စိတ်ထားဖြင့် ပြည်သူများ ပြုံးပျော်ရွှင်နိုင်စေရန် ပေးဆပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ အနုပညာရှင်များသည် နိုင်ငံတော်၏ အခက်အခဲနှင့် သဘာဝဘေးများ ဖြစ်ပေါ်သည့်အချိန်တိုင်းတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ အခက်အခဲများကို အတူတကွ ရင်ဆိုင်ကျော်လွှား ဆောင်ရွက်နိုင်ခဲ့သည်မှာလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အနုပညာရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသည့်ပညာရပ်ဖြင့် နိုင်ငံ့အရေးနှင့် ပြည်သူများအတွက် ဆက်လက်စွမ်းဆောင် ပေးစေလိုကြောင်း၊ ပြည်သူများ၏ ဘဝအမောများကို ဖြေသိမ့်ပေး၍ ပြုံးပျော်ရွှင်စေသူများမှာ ဟာသပညာရှင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟာသပညာရှင်များအနေဖြင့် အနာဂတ်တွင် ပြည်သူများပျော်ရွှင်စေရန် အနုပညာစွမ်းအားဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားစကား ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး ကိုယ်စား ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) မှ အဖွဲ့ဝင်များက "မြန်မာ" အမည်ရ အငြိမ့်ဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီးပညာရှင် ဂုဏ်ပြုဆုရရှိကြသူများ ဖြစ်ကြသည့် ဦးမိုးဒီ၊ ဦးပေါ်လေး၊ ဦးကျင်ဝှက်၊ ဦးစံမိုး၊ ဦးချစ်စရာ၊ ဦးမိုးကျော်၊ ဦးရွှေခဲ၊ ဦးမန်းကျော်၊ ဦးသိုးဆောင်းနှင့် ဦးဝါမင်း တို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သက်ကြီးပညာရှင် ဂုဏ်ပြုဆုရရှိကြသူများကိုယ်စား သက်ကြီးဟာသပညာရှင် ဦးမိုးဒီက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီရန်အောင်နှင့် အကယ်ဒမီစိုးသူ တို့က "ဝါဆို" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ရရှိခဲ့သည့် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအုန်းသီးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀၂၂ ခုနှစ်တွင် လူမှုထူးချွန်ဆု(ဒုတိယအဆင့်)ကိုရရှိခဲ့သည့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်အား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မြန်မာနိုင်ငံလူ့ရှင်တော်အသင်း၊ ချွန်တွန်းပရဟိတအသင်း ကာလများမှ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို) အထိ အဆင့်ဆင့်ဖွဲ့စည်းနိုင်ခဲ့သည့်ကာလတစ်လျှောက်လုံးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို)နာယက ဦးငြိမ်းချမ်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်ချစ်တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) မှ အဖွဲ့ဝင်များက သက်ကြီးဟာသပညာရှင်များအား ဂုဏ်ပြုတင်ဆက်သည့် "ပြုံးနေပေးပါ ဟာသဆရာ" တစ်ခန်းရပ်ပြဇာတ်နှင့် ဂုဏ်ပြုရေးစပ်ထားသည့် "ပြုံးနေပေးပါ" တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သက်ကြီးဟာသပညာရှင်ကြီးများအားကန်တော့ခံပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးမှ ဟာသပညာရှင်များက သက်ကြီးဟာသပညာရှင်ကြီးများအား စုပေါင်းကန်တော့ကြပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ကျင်းပ**

မွန်းလွဲပိုင်းတွင် အခမ်းအနားဒုတိယပိုင်း အစီအစဉ်အဖြစ် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ညီလာခံကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များအလိုက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခြင်းနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးအနေဖြင့် ဟာသအနုပညာလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း သက်ကြီးပညာရှင် ဂုဏ်ပြုဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

---

# သပိတ်ကျင်းမြို့၌ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ

**သပိတ်ကျင်း ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့မရဲစခန်းတွင် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမင်းသူရနှင့် ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း၊ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရဲစခန်းရှိ ရုံးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဖြိုးဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးရန်နိုင်မင်းတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား ဇီဝဆိုင်ရာအချက် အလက်စိစစ်ကောက်ယူပြီး UID ကတ်ထုတ်ပေးလျက်ရှိရာ စုစုပေါင်း ၁၇၂ ဦးအား ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ UNOCHA ယာယီအကြီးအကဲတို့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA) ယာယီအကြီးအကဲ Ms. Danielle Parry တို့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် ထိရောက်မှုရှိစေရေးအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# လူမှုရေးဆိုင်ရာအသိပညာမြင့်မားရေး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၇

လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်ပပညာရှင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် ပြင်ပပညာရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက သုံးသပ်အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့်တွေ့ဆုံ မြန်မာစာ၊ မြန်မာစကား ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး



ရန်ကုန် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပသော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၁) သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များနှင့် စံပြဆု၊ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာစာအဖွဲ့ရုံး၌ မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့်တွေ့ဆုံပြီး မြန်မာစာ၊ မြန်မာစကား ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာအဖွဲ့က အတည်ပြုထားသော မြန်မာစာလုံးပေါင်း သတ်ပုံ၊ ဝေါဟာရအသုံးအနှုန်း၊ ဝါကျအထားအသို၊ မြန်မာသဒ္ဒါတို့ကို အများပြည်သူများ လက်လှမ်းမီဖတ်ရှုလေ့လာသိရှိကာ မှန်ကန်စွာ၊ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းများ ဆောင်ရွက်

ဟိုပုံး ဇူလိုင် ၇

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အသက် တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

## ထိုးနှံပေး

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက အသက် တစ်နှစ်ခွဲအောက်ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့်ကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ တိုက်ကျွေးပေးခြင်းနှင့် ကလေးကိုယ်အလေးချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့် တက္ကသိုလ်၏ စီမံရေးရာနှင့် လေ့ကျင့်သင်ကြားရေးရာ ဌာနတာဝန်ခံများနှင့်တွေ့ဆုံ






ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် ယနေ့နံနက် ၈ နာရီတွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး တက္ကသိုလ်၏ စီမံရေးရာနှင့် လေ့ကျင့်သင်ကြားရေးရာ ဌာနတာဝန်ခံများနှင့် တွေ့ဆုံ၍ တက္ကသိုလ်၏ အုပ်ချုပ်မှုနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

အလားတူ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် တက္ကသိုလ်ရှိ ရေးရာဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရှိ နဝရတ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သည် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပေးနေသော တက္ကသိုလ်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦး၏တန်ဖိုးသည် တာဝန်ကျေပွန်ခြင်းဖြစ်ပြီး အချင်းချင်း ချစ်ခင်စည်းလုံးခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိခြင်း၊ ရိုးသားမှုရှိခြင်း၊ သစ္စာရှိခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိခြင်းတို့ဖြင့် ပေးအပ်သော လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ စာသင်ဆောင်များ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အသားတိုး ကြက်အကောင်ရေ ၁၀၀၀ မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် ဇူလိုင် ၇

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရာသီဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်းသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ခုနှစ်တွင် စုစုပေါင်း ဆီထွက်သီးနှံ ဧက ၈ ဒသမ ၃ သန်းကျော် စိုက်ပျိုးခဲ့ပြီး စားသုံးဆီ တန်ချိန် ၆၈၀၀၀၀ ကျော် ထွက်ရှိနိုင်ရန် ခန့်မှန်းထားရှိသဖြင့် ပြည်တွင်းစားသုံးမှုအတွက် လုံလောက်မှုရှိသည်ဟု တွေ့ရှိရကြောင်း၊ စိုက်ဧကများအားလုံး၌ ပန်းတိုင်အထွက်နှုန်းရရှိမည်ဆိုပါက စားသုံးဆီ တန်ချိန် ၁၃ သိန်းကျော် ထွက်ရှိမည်ဖြစ်သဖြင့် ဆီဖူလုံမှု ပိုမိုလာနိုင်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့၊ မြေဆီမြေဩဇာနှင့် သွင်းအားစုများ၊ စိုက်ပျိုးရေသုံးစွဲနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းပညာများကို တောင်သူများ ပြည့်စုံစွာအသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးနှင့် ပဲတီစိမ်း စီမံကိန်းလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့သည့် သွင်းအားစုပံ့ပိုးသည့်စနစ်ကို ဒေသအလိုက် ဆောင်းနေကြာ၊ ဆောင်းမြေပဲ၊ နွေနှမ်းစိုက်တောင်သူများအတွက် လျာထားဆောင်ရွက်ထားကြောင်း ပြောကြားသည်။

## သုံးသပ်တင်ပြ

ထို့နောက် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စားသုံးဆီ အထောက်အပံ့ပေးနိုင်မည့်လုပ်ငန်းများကို ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ထည့်သွင်း၍ ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ် ဝင်ငွေခွန် သုံးနှစ်မှ ခုနစ်နှစ်အထိ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ အလားတူ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကုန်ကြမ်းများ ရရှိရေးနှင့် တောင်သူများအတွက် မှန်ကန်သော ဈေးကွက်များ ဖော်ဆောင်ရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြည်ပစားအုန်းဆီ တင်သွင်းမှုလျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးပြီး မျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုနိုင်ရေးအတွက် အရင်းမပျောက် မတည်ငွေများ ထုတ်ချေးပေးခြင်း၊ မြစိမ်းရောင်ဆီထွက်သီးနှံစီမံကိန်း၊ ဆိုလာစွမ်းအင်သုံး စိုက်ပျိုးရေးနှင့် ကျေးလက်ကုန်ထုတ် လမ်းတံတားဖောက်လုပ်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သမဝါယမအသင်းစနစ်ဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လက်ရှိပြည်ပမှ စားသုံးဆီတင်သွင်းရသည့် နိုင်ငံခြားငွေသုံးစွဲရမှုနှင့် ပြည်ပသို့ ဆီထွက်သီးနှံတင်ပို့ခြင်းမှ နိုင်ငံခြားငွေရရှိမှု ဟန်ချက်ညီစေရေးဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပြီး ဆီတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအထိ ကြိုးပမ်းရန်လိုအပ်ချက်များ၊ ပြည်တွင်းဆီစက်များအားလုံး ပြန်လည်လည်ပတ်နိုင်ရေး၊ ဆီကြိတ်ခွဲထုတ်လုပ်နိုင်ရေးနှင့် ဆီစက်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများ၊ ဈေးကွက်အတွင်းရှိ စားသုံးဆီများ အစားအစာဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်သော ပြည်တွင်းဆီထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် အဆင့်မြင့်ဆီစက်များနှင့် ဆီသန့်စင်စက်လုပ်ငန်းများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး အားပေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံစိုက်ပျိုးရေးတွင် သွင်းအားစုထောက်ပံ့ပေးနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ ရေရရှိရေးနှင့် မြေယာပြုပြင်ရေးဆိုင်ရာများကို လည်းကောင်း၊ ဝယ်ယူကြိတ်ခွဲသူအစုအဖွဲ့၊ သွင်းအားစုရောင်းချသူအစုအဖွဲ့နှင့် တောင်သူအစုအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

**"စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ"** အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်ဆောင်းနေကြာစိုက်ပျိုးရာသီတွင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထိရောက်မြန်ဆန်စွာ သုံးစွဲနိုင်ရန် ငွေသားထုတ်ပေးခြင်းမပြုဘဲ သွင်းအားစုပံ့ပိုးသည့်စနစ် ကျင့်သုံးခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ တာဝန်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မည့်စနစ်ကို ကျင့်သုံးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



နေပြည်တော် ဇူလိုင် ၇

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

## ပြောကြား

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်အတိုင်း ရခိုင်ပြည်နယ်ကိုမူလအခြေအနေထက် ပို၍သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ကြုံတွေ့နေရသည့် အခက်အခဲများကိုတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ပစ္စည်းစီမံရေးဌာနနှင့် အင်ဂျင်နီယာဌာနတို့မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ယခုအခါ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးသွားခဲ့သည့် မြို့နယ် ၁၀ မြို့နယ်ရှိသည့်အနက် မြို့နယ်ရှစ်မြို့နယ်ကို ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် မြို့နယ် နှစ်မြို့နယ်နှင့် ကျေးရွာများ အမြန်ဆုံးဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အသုံးပြုခဲ့သည့် စတိုပစ္စည်းလက်ခံရရှိမှု၊ အသုံးပြုမှုနှင့် လက်ကျန်အခြေအနေများစာရင်းကို စနစ်တကျ မှတ်တမ်းရေးသွင်း၍ စာရင်းစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရန်၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ သတ်မှတ်ကာလအတွင်း မီတာများပုံမှန်ဖတ်ရှုရေးနှင့် ဓာတ်အားခများ ပုံမှန်ကောက်ခံရရှိရေး အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများအား စနစ်တကျ ပြန်လည်သိမ်းဆည်း၍ မှတ်တမ်းထားရှိရန် မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရေဆင်းအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူးဦးခင်မောင်လွင်က ကျောင်းသား ကျောင်းသူများအနေဖြင့် အာဇာနည်နေ့ကို မမေ့လျော့စေရန် ယခုလို အသိပညာပေးဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်ကြည်ညိုသင်းပျို့က အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည် ကိုးဦးအကြောင်း အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် လှူဒါန်းငွေနှင့်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

မိုခါ ဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများ အတွက် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ မိတ်ဖက်နိုင်ငံခြားကုမ္ပဏီများမှ လှူဒါန်းငွေများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)တွင် ယနေ့မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ယနေ့လှူဒါန်းမှုမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးတို့မှ ဝန်ထမ်းများက လှူဒါန်းသည့် နိုင်ငံခြားငွေ ရှစ်မျိုးနှင့် ညီမျှသည့် မြန်မာငွေကျပ် ၇၂၄၅၄၇၀၀ နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက လှူဒါန်းသည့် နိုင်ငံခြားငွေ ငါးမျိုးနှင့် ညီမျှသည့် မြန်မာငွေကျပ် ၆၁၄၇၃၄၀၀ စုစုပေါင်း ငွေကျပ် ၁၃၃၉၂၈၁၀၀ နှင့် အိန္ဒိယရူပီး ၁၁၉၃၉၈၇ ဒသမ ၂၀ နှင့်ညီမျှသည့် မြန်မာငွေကျပ် ၂၉၈၄၉၆၈၀ တန်ဖိုးရှိ ဆေးဝါးများ ဖြစ်ကြောင်း၊ ဆက်လက်၍




လည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းများမှ လှူဒါန်းထောက်ပံ့လျက်ရှိရာ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန(AHA Centre) အပါအဝင် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနိုင်ငံ အစိုးရများနှင့် ပြည်သူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ လှူဒါန်းပစ္စည်းများကို တပ်မတော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရေယာဉ်၊ လေယာဉ်များဖြင့် စစ်တွေမြို့သို့ အမြန်ဆုံးပို့ဆောင်ပေးခဲ့ပြီး စစ်တွေမြို့မှတစ်ဆင့် ဘေးသင့်ဒေသမြို့နယ်များအထိ ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များအားလုံး၏ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများကို ဘေးသင့်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိရေးနှင့် လှူဒါန်းငွေများကို ဘေးသင့်သူများနှင့် ဘေးသင့်ဒေသများအတွက် အကျိုးရှိစွာ အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်းနှင့် လေးစားစွာမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာငွေကျပ် စုစုပေါင်း ၁၃၃၉၂၈၁၀၀ နှင့် မြန်မာငွေကျပ် ၂၉၈၄၉၆၈၀ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဇူလိုင် ၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MV WERU PACK KHA(ဝိရူပက္ခ) ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA Centre)တို့မှ ပေးပို့သည့် ဆန်အိတ် ၃၃၄၀၀၊ စားအုန်းဆီပိဿာ၅၀၀၊ ရေငါးဂါလန်ဆံ့ပုံး ၆၀၀၀၊ တာပေါ်လင် ၁၀ ပါကင်၊ ခြင်ထောင်အလုံး ၈၅၀၀၊ မီးဖိုချောင်သုံးပစ္စည်း ၉၀၂ စုံ၊ ရွက်ဖျင်တဲမျိုးစုံ ၄၀၉၈ ခုနှင့် ပျိုးပင် ၁၃၃၀၂၆ ပင် ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း ၁၉၁၁ ဒသမ ၀၃ တန်တင်ဆောင်၍ ဇူလိုင် ၇ ရက် ညနေ ၄ နာရီတွင် The Myanmar Terminal(TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**



# မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေလှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်



**ရန်ကုန် ဇူလိုင် ၇**

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဒုတိယအကြိမ်အလှူငွေလှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မိုခါမုန်တိုင်း တိုက်ခတ်ခဲ့သည့် ဒေသများရှိ ဒေသခံပြည်သူများအတွက် စားရေရိက္ခာများ၊ ပြန်လည်ထူထောင်ရေးအတွက် တည်ဆောက်ရေးပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ရေကြောင်းဖြင့် အကြိမ်(၂၀)၊ လေကြောင်းဖြင့် အကြိမ်(၉၀) ယနေ့အထိ ပို့ဆောင်ပေးပြီးဖြစ်ကြောင်း၊ ထို့ပြင် လုပ်အားအင်အားအဖြစ် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များဖြင့် နယ်ပယ်ကဏ္ဍစုံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ယနေ့ အလှူရှင် ၁၀၂ ဦး၏ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၆၄၄၀၃၉၉၀၀ ရရှိပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အလှူရှင်များ၏ အလှူငွေလှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။ **သတင်းစဉ်**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၈ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၈ ပါတီအနက် **ခူမီးအမျိုးသားပါတီက** ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသဖြင့် အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ကမ္ဘာ့လူဦးရေနေ့**

" ကမ္ဘာ့လူဘောင်သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှု ဟန်ချက်ညီအောင်ကြိုးစားစို့ "

" Balancing the population and development, let's strive for better future "

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


# ရသေ့တောင်မြို့နယ်အတွင်း မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်



**စစ်တွေ ဇူလိုင် ၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရသေ့တောင်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှုလယ်ယာ ဦးစီးဌာနက မိုးစပါး စိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဦးစီးဌာနက မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

**အားပေးစကား ပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရသေ့တောင်မြို့ဆိပ်ခံတံတားသို့ရောက်ရှိပြီး နိုင်ငံတော်မှပေးပို့သည့် မျိုးစပါးများနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို အချိန်မီဖြန့်ဖြူးနိုင်ရန် ကုလားတန်သင်္ဘောပေါ်မှ အတင်၊ အချပြုလုပ်ပေးနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် သီးစုံဒံပေါက်များပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ကျောင်း တက်ရောက်နေမှု၊ ကျောင်း အဆောက်အအုံများ ပြုပြင်ပြီးစီးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် ခနောင်းကြီးကျေးရွာ၌ စက်မှုလယ်ယာ ဦးစီးဌာနက ထွန်စက်များဖြင့် မိုးစပါးစုပေါင်းထွန်ယက် ကွင်းသရုပ်ပြပွဲသို့ တက်ရောက် ကြည့်ရှုအားပေးပြီး တက်ရောက်လာကြသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ မုန်တိုင်းဒဏ်ထိခိုက်မှုများသည့် နေရာများတွင် လယ်ထွန်စက်များ အသုံးပြု၍ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ပေးနေမှု၊ အထွက်နှုန်းအလွန်ကောင်းသော မျိုးစပါးများ ဖြန့်ဝေပေးနေမှု၊ လိုအပ်သော နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ စနစ်တကျ စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြား၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**မှာကြား**

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာ(EN) ဘိုကာရှိ ပြုလုပ်ထားမှုများကို ကြည့်ရှုပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရေး အသိပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာ အထက်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် သီးစုံဒံပေါက်များ ပေးအပ်ကာ ကျောင်းအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ကျောင်းတိုက်အတွင်း သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး စေတီယင်္ဂဏ(ဂူဝ)ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကျောင်းတိုက်ဓမ္မာရုံ၌ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုအားပေးကြကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများ ပြန်လည် ပြုပြင်ပြီးစီးနေမှုနှင့် ပြုပြင်နေမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ရေသန့်စက် ထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူများနှင့် ကျေးရွာသူကျေးရွာသားများအား မျိုးစပါးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ရေသန့်စက်တို့ကို ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ ဆိပ်ခံတံတား၌ နိုင်ငံတော်မှ ပေးပို့သည့် မျိုးစပါးများကို တောင်သူများထံ အချိန်မီဖြန့်ဖြူးနိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များက ကုလားတန်သင်္ဘောပေါ်မှ တင်ချသယ်ယူနေမှုကို ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ်၊ ချီဖွေခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ချန်းမောအိမ်ရာ(၁၇)၊ အမှတ်(၃)ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)][N.D.P (Kachin)]** သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)][N.D.P (Kachin)]** က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီပါတီသစ် (ကချင်)**

**[New Democracy Party (Kachin)][N.D.P (Kachin)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဓနုဖြူမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ဓနုဖြူ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် တောင်ဇီးကျေးရွာ သဘာဝရေပြင်အတွင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းကိုကိုဦးနှင့်ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ရေလုပ်သားများ တက်ရောက်ကြပြီး အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ ကို တောင်ဇီးကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာကွန်ဖရင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိ

ပေကျင်း ဇူလိုင် ၇

၂၀၂၃ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာကွန်ဖရင့်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ယမန်နေ့က ဖွင့်လှစ်ခဲ့ရာ နည်းပညာကုမ္ပဏီပေါင်း ၄၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ဖရင့်ကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ChatGPT သည် ယမန်နှစ်နှောင်းပိုင်းမှစပြီး ကမ္ဘာ့နိုင်ငံများအကြား ရေပန်းစားလျက်ရှိပြီး တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ တီထွင်ဖန်တီးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း မကြာသေးမီကာလများအတွင်း တိုးတက်လာလျက်ရှိသည်။ အလားတူ မျိုးဆက်သစ် AI ထုတ်ကုန်များကို စတင်ထုတ်လုပ်ရန် နည်းပညာကုမ္ပဏီကြီးများကလည်း ကြိုးပမ်းလျက်ရှိသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာကွန်ဖရင့်ကို “Intelligent Connectivity, Generating Future” ခေါင်းစဉ်ဖြင့် ကျင်းပပြီး နိုင်ငံတကာ ထိပ်တန်းသိပ္ပံပညာရှင်များ၊ စွန့်ဦးတီထွင်သူများ၊ အစိုးရအရာရှိများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင်



ဧည့်သည်တော် ၁၄၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

အဆိုပါကွန်ဖရင့်တွင် ဉာဏ်ရည်တုနည်းပညာ၊ ဉာဏ်ရည်ထက်မြက် သော စက်ကိရိယာများ အသုံးချမှုစွမ်းရည်မြှင့်တင်ရေးနှင့် နောက်ဆုံးပေါ်နည်းပညာများကဲ့သို့သော ကဏ္ဍများကို အဓိကထားပြသသည်။

ထို့ပြင် ဘာသာစကားအသုံးပြုမှုဆိုင်ရာ ရွေးချယ်မှုများ၊ လျှပ်ကူးပစ္စည်းများ၊ ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်များနှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် ယာဉ်များအပါအဝင် ထုတ်ကုန်အသစ် ၃၀ ကျော်ကို ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်ပြသလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ယွမ် ၅၀၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄ ဘီလီယံခန့်) ရှိသည်။

နိုင်ငံအတွင်း၌ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းအရေအတွက် ၄၃၀၀ ကျော်ရှိကြောင်း စက်မှုနှင့်သတင်းအချက်အလက်နည်းပညာ ဒုတိယဝန်ကြီး ရှူးရှန်းလွန်က ကွန်ဖရင့်၏ အဖွင့်အမှာစကားတွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့နိုင်ငံများအနက် ဒုတိယအဆင့်တွင် ရပ်တည်လျက်ရှိပြီး ၎င်း၏ 5G စခန်းအရေအတွက် ၂ ဒသမ ၈ သန်းကျော်ရှိကာ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ရှူးရှန်းလွန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# မီတာကုမ္ပဏီက အသိဉာဏ်မူပိုင်ခွင့် ချိုးဖောက်ဟု တွစ်တာပြောကြား

ဝါရှင်တန် ဇူလိုင် ၇

Threads ဟုအမည်ရသည့်အက်ပလီကေးရှင်းတီထွင်ရာတွင် ၎င်းတို့၏အသိဉာဏ်မူပိုင်ခွင့်ကို မီတာကုမ္ပဏီက တရားမဝင်ရယူသုံးစွဲခဲ့ကြောင်း တွစ်တာကုမ္ပဏီက ပြောကြားသည်။ ယင်းဖြစ်ရပ်ကြောင့် မီတာကုမ္ပဏီအား တရားစွဲဆိုမည်ဟု တွစ်တာက မှတ်ချက်ပြုသည်။

မီတာနည်းပညာကုမ္ပဏီသည် Threads အက်ပလီကေးရှင်းအား နိုင်ငံပေါင်း ၁၀၀ ကျော်မှ ရယူသုံးစွဲနိုင်ရန် ထုတ်လုပ်ခဲ့ပြီး ၎င်း၏လုပ်ငန်းဆောင်ရွက်မှုမှာ တွစ်တာအက်ပလီကေးရှင်းနှင့်ဆင်တူကြောင်း သိရသည်။ အဆိုပါ Threads အက်ပလီကေးရှင်းသည် လက်ရှိအချိန်အထိ ကမ္ဘာပေါ်တွင်သုံးစွဲသူ သန်း ၃၀ ကျော်ရှိသည်။

မီတာကုမ္ပဏီသည် ယင်းအက်ပလီကေးရှင်းတီထွင်ရန်အတွက် တွစ်တာမှ ဝန်ထမ်းဟောင်းများအား ငှားရမ်းသုံးစွဲခဲ့ကြောင်း တွစ်တာကပြောကြားခဲ့သည်။ မီတာကုမ္ပဏီကလည်း မိမိတို့ထံတွင် တွစ်တာဝန်ထမ်းဟောင်းများ အလုပ်လုပ်ကိုင်နေခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်အစိုးရက ဉာဏ်ရည်တုနည်းပညာသုံး စူပါကွန်ပျူတာထုတ်လုပ်ရန် စီစဉ်လျက်ရှိ

တိုကျို ဇူလိုင် ၇

ဂျပန်အစိုးရသည် ဉာဏ်ရည်တုနည်းပညာသုံး စူပါကွန်ပျူတာထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဉာဏ်ရည်တုနည်းပညာများ အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လျက်ရှိသည့် ပြည်ပကုမ္ပဏီများကိုအစိုးရက စောင့်ကြည့်လျက်ရှိပြီး နိုင်ငံအတွင်း၌ ဉာဏ်ရည်တုနည်းပညာသုံး စူပါကွန်ပျူတာတစ်လုံး အောင်မြင်စွာ တီထွင်ဖန်တီးထုတ်လုပ်နိုင်ရေးအတွက် ငွေကြေးထောက်ပံ့ပေးရန် စီစဉ်လျက်ရှိသည်။

ဂျပန်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် SoftBank အား လိုအပ်သည့် ဒေတာပမာဏများစွာကို စီမံဆောင်ရွက်ပေးနိုင်သည့် စူပါကွန်ပျူတာတစ်လုံး ဖန်တီးရန်အတွက် ဂျပန်အစိုးရက ယန်းငွေ ၅ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၇ သန်း)ခန့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ကြေးငွေ ပမာဏသည် SoftBank ကုမ္ပဏီအတွက် လျာထားသတ်မှတ်ထားသည့် ပမာဏ၏ လေးပုံတစ်ပုံခန့်ရှိသည်။

အလားတူ အမေရိကန်အခြေစိုက် Nvidia ကုမ္ပဏီကလည်း SoftBank ကုမ္ပဏီအား စွမ်းဆောင်ရည်မြင့် လျှပ်ကူးပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာ တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်ရန် အရေးကြီးကြောင်း ဂျပန်စက်မှုဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက ပြောကြားသည်။

ဂျပန်အစိုးရသည် ဆာကူရာအင်တာနက် ဒေတာအော်ပရေတာကို ၎င်း၏ ကိုယ်ပိုင်စူပါကွန်ပျူတာတစ်လုံး တီထွင်ဖန်တီးထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၄၇ သန်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လက ကတိပြုခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး ဆောင်ရွက်မည်

အစ္စလာမ်မာဘတ် ဇူလိုင် ၇

ပါကစ္စတန်နိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး အာရှန်အိုက်ဗာက ပြောကြားသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုသည်။

ထို့ပြင် နိုင်ငံအား ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံ၏ သတ္တုပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအလေးထားဆောင်ရွက်နေပြီး ကမ္ဘာပေါ်ရှိ သတ္တုတူးဖော်ရေးကုမ္ပဏီများကိုလည်း ပါကစ္စတန်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရေးအတွက် တာဝန်ရှိသူများက ဆွဲဆောင်နေကြောင်း ၎င်းက မှတ်ချက်ပြုသည်။

နိုင်ငံအတွင်းလက်ရှိ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိကြောင်း သိရသည်။ ထို့ပြင် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကဲ့သို့သော ကဏ္ဍများတွင် ဆောင်ရွက်ရေးအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို အခွင့်အရေးများ ပေးအပ်ထားကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုအပြင် အခြားသဘာဝဘေးများကြောင့် ကင်ညာနိုင်ငံ၌ ပျက်စီးမှုများရှိ

မနီလာ ဇူလိုင် ၇

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုအပြင် အခြားသဘာဝဘေးများကြောင့် ကင်ညာနိုင်ငံ၌ ပျက်စီးမှုများရှိခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ခန့်မှန်းချက်အရသိရသည်။

အနာဂတ်ကာလတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းအပြင် အခြားသဘာဝဘေးများကို ထိရောက်စွာမကာကွယ်နိုင်ပါက ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကင်ညာနိုင်ငံသည် သဘာဝဘေးများကြောင့် ပျက်စီးဆုံးရှုံးမှုများ များပြားလာနိုင်ကြောင်း ယခုနှစ် သဘာဝဘေးဆိုင်ရာခန့်မှန်းချက် မှတ်တမ်းတွင် မှတ်ချက်ပြုသည်။

တွန်ဂါနိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့် နိုင်ငံအတွင်းရှိ ဒေသခံများတွင် ယင်းသဘာဝဘေးများ၏ အကျိုးသက်ရောက်မှုကို ခံစားနေရသည့်အပြင် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေရသဖြင့် ဒေသခံများ ငွေကြေးအခက်အခဲဖြစ်ခဲ့သည်။

တွန်ဂါနိုင်ငံအား သဘာဝဘေးမှ ပြန်လည်ဖွံ့ဖြိုးစေမည့်အစီအမံများကို အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်သည့် မှတ်တမ်းတွင် အကြံပြုထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■

# အသက်မပြည့်သေးသည့် မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ကာ အနှိပ်ခန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူနှင့် ပြည့်တန်ဆာအဖြစ်အတင်းအဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်သက်ချမှတ်

နေပြည်တော် ဇူလိုင် ၇

အသက်မပြည့်သေးသည့် မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ကာ အနှိပ်ခန်းသို့ ပို့ဆောင်ရောင်းစားခဲ့သူနှင့် ပြည့်တန်ဆာအဖြစ်အတင်းအဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်သက်နှင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ တက်တူး(ခ)နေလေးက မန္တလေးမြို့နေ မ----၊ ၁၄/၂၀၂၂နှစ်အား ဇနီးမယားအဖြစ်ယူမည်ဟု လိမ်လည်ပြောဆိုခေါ်ဆောင်၍ သားမယားအဖြစ်ပြုကျင့်ခဲ့ပြီး အနှိပ်ခန်းသို့ ပို့ဆောင်ကာ ဦးစိုး(ခ) စိုးလှိုင်ဝင်း၊ မခိုင်ခိုင်အေး(ခ)မခိုင်၊ မနှင်းပွင့်(ခ) နီနီလင်းတို့က ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် စက်မှုနယ်မြေရဲစခန်း (ပ)၂၄၉/၂၀၂၂၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်၍ မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် တရားခံ တက်တူး (ခ)နေလေး ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၉ အရ ထောင်ဒဏ်တစ်သက်အထိ ကျခံစေရန်နှင့် တရားခံ ဦးစိုး(ခ)စိုးလှိုင်ဝင်း၊ ခိုင်ခိုင်အေး (ခ) မခိုင်နှင့် မနှင်းပွင့်(ခ)နီနီလင်းတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လက်ပံလှ – စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ ဆီပုံးအခွံများ၊ ရော်ဘာပြားများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Ling Yu Brushless AC Synchronous Generator တစ်လုံး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Dry Buffalo Meat ကီလိုဂရမ် ၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Express Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အမရပူရမြို့နယ် ဓနုံးကျေးရွာအုပ်စု ယဉ်တော်စံရွာ အမှတ် (၄၈၄)၌ တရားမဝင် စက်သုံးဆီများ သိုလှောင်၊ ရောင်းချနေကြောင်း သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အဆိုပါခြံဝင်းအတွင်း၌ တရားမဝင် ပြည်တွင်းဖြစ် ပုဂ္ဂလိက ဒီဇယ်ဆီဟု ယူဆရသော ချက်ဆီ ဂါလန် ၁၆၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၀၀၀၀)နှင့် အဆိုပါဆီများ တင်ဆောင်ထားသော Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ လေးထောင့်သံတိုင်ကီ (၇′ ၉″x ၅′x ၄′) တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၂၂၃၈၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၅ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့က မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူကျေးရွာရှိ ဂိုဒေါင်အား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Ding Fong ယိုးဒယား အချိုရည် ဘူး ၈၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀၀၀) ကိုလည်းကောင်း၊ ယိုးဒယားအမှတ်တံဆိပ်ပါ ကျောက်ပွင့် ၁၇၄ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၂၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၆၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့နယ် Famous ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Kanko Extension Join Box ကီလိုဂရမ် ၄၁၈၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၅၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးနယ်မြေရဲစခန်းမှ လာရောက်အပ်နှံခဲ့သော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Miaoai Tissue ၁၄၅ ကီလိုဂရမ် အပါအဝင်ကုန်ပစ္စည်း ၂၄မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၁၇၈၂၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

ထို့အတူ ဇူလိုင် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lactasoy Soy Milk ဘူး ၂၇၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Axle Oil လီတာ ၁၉၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၄၂၈၈၀)ကိုလည်းကောင်း၊ မောင်းမကန်လမ်းမကြီး နတ်စင်ကွေ့ ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Iron Rod ကီလိုဂရမ် ၁၈၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၃၄၇၃၂)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၈၇၆၁၂)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၃၂၅၈၁၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၇-၂၀၂၃ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ် တော့ရွှ်သုတ်အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၃၅ | မြန်မာ့သနပ်ခါး |
| ၀၉:၃၀ | New Future Program |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၄၀ | တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မျှော်လင့်ခြင်းအိပ်မက်" (အပိုင်း–၃၂) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း "အတုမြင်အတတ်သင်" |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် |
| ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၃၀ | လူမှုဘဝထဲကစက္ကူ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိဂုံး" (အပိုင်း–၂၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) "လွဲလွဲလေးလည်းကောင်းပါတယ်" |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Sone Taw Myaing (Takkatho Lae Lae) |
| 07:10 | Weekly Review |
| 07:27 | Goldsmith |
| 07:32 | The Southernmost City (Kawthaung) |
| 07:42 | Myanmar Family Life: Organic Farm |
| 08:01 | News |
| 08:27 | Discovering Tribes: Da Nu (Their Life and Customs) (Part-1) |
| 08:42 | Mote Sein Paung from Intaing Village |
| 08:52 | Quiz Time (Ep-43) |
| 10:01 | News |
| 10:26 | Children's Delight: National Library for Children (Episode-3) (I am a Penguin) |
| 10:36 | Myanmar's Bamboo Hat |

### MRTV NRC

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဆပ်ဝါထမင်းသုပ်နှင့်ဝက်နံရိုးချဉ်ရည်ဟင်း

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
သာယာပါသည်ရခိုင့်ဌာနီ

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည်(အပိုင်း–၉)

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း–၂)

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ရသေ့ပျံဂူ

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဟားစည်မြေမှရိုးရာအလှ(အပိုင်း–၁)

**ချင်း(လိုင်းဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်းတောင်တွင်စီးပွားဖြစ်လာသည့်စတော်ဘယ်ရီ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အိမ်နီးချင်းနိုင်ငံများ၏ရွေးကောက်ပွဲများအကြောင်း)(အပိုင်း–၁) |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၀:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် 'မြန်မာ့လက်ရွေးစင်ဝိုဝိနမ်အားကစားသမား အိုက်စိုးလင်းနှင့်တွေ့ဆုံခြင်း' |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင်(အပိုင်း–၃) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၇:၀၀ | ဆေးပတ်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၇:၁၀ | တောင်သူများဝင်ငွေတိုးတက်စေဖို့ Big M စိုက်ပျိုးရေးခြံနှင့်လက်တွဲစို့ |
| ၀၈:၃၀ | ပင်လယ်ပျော်တို့နားခိုရာဆီ |
| ၀၈:၅၀ | တောင်သူ့ဆီမှစကားသံ |
| ၀၉:၁၅ | သရက်စိုက်ပျိုးဝင်ငွေတိုး |
| ၀၉:၅၀ | သီးထပ်စွမ်းအားဝင်ငွေတိုးသက်တမ်းတိုစပါးမျိုး |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၁၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်' |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးအတွက် လုပ်ငန်းရှင်များနှင့်ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအပေါ် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအပေါ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၇) စက်မှုသင်တန်းကျောင်းတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး စက်မှု၊ လက်မှုလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် MSMEs လုပ်ငန်းရှင်များက ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအပေါ် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးအတွက် လုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကုန်သွယ်/စီးပွား

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၇

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဂေါ်ဖီထုပ်၊ ရေတံ၊ ကြက်သွန်နီ၊ ပြောင်း၊ နနွင်း၊ ဆီးဖြူသီးခြောက်၊ မန်ကျည်းသီး(အစေ့ပါ)၊ ရေထွက်ကုန်များဖြစ်သည့် ကဏန်းအရှင်၊ သဲကဏန်း၊ ငါးပါးလျှပ်၊ ငါးခွေးလျှာနှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား/အမျိုးသမီး အဝတ်အထည်များ တင်ပို့ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများအား တွင်ကျယ်စွာဆောင်ရွက်လာမှုကြောင့် စားသောက်ကုန်ပစ္စည်းများ ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ CMP၊ ပြောင်း၊ ရေတံ၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ မန်ကျည်းသီး(အစေ့ပါ)၊ နနွင်း၊ ဆီးဖြူသီးခြောက်၊ ရေထွက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ရေတံများကို အမြန်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီး၊ Garment၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့် ဆေးပစ္စည်း၊ Packing Material၊ အိမ်သုတ်ဆေး၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်း၊ ငါးဖမ်းပစ္စည်း၊ အားကစားပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ LPG(ဓာတ်ငွေ့ရည်)နှင့် အလှကုန်ပစ္စည်းတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ Garment၊ စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်း၊ သစ်သီးနှင့် အခြားပစ္စည်းတို့ ဖြစ်သည်။ ဒေသငွေဈေးနှုန်းအနေဖြင့် တစ်ဘတ်လျှင် မြန်မာကျပ်ငွေ ၈၇ ဒသမ ၃၄ ကျပ်ဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီ ၁ ရက်မှ ဇူလိုင် ၃ ရက်အထိ)အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၄၈ ဒသမ ၀၇၂ ကန်ဒေါ်လာသန်း၊ သွင်းကုန် ၃၃၂ ဒသမ ၆၄၄ ကန်ဒေါ်လာသန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏ ၄၈၀ ဒသမ ၇၁၆ ကန်ဒေါ်လာသန်းဖြစ်သည်။

# မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံ၊ မြေပဲနှင့် နှမ်းမျိုးစုံတို့၏ ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

မုံရွာ ဇူလိုင် ၇

မုံရွာကုန်စည်ဒိုင်တွင် ပဲအမျိုးအစားအလိုက် ဈေးနှုန်းများမှာ ယခင်နှစ်ကာလတူဈေးထက် ယခုနှစ် ပဲမျိုးစုံနှင့် နှမ်းမျိုးစုံဈေးနှုန်းများ ဈေးပိုကောင်းလျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် ဈေးနှုန်းသတင်းများအရ သိရသည်။

**မတ်ပဲ**

မုံရွာကုန်စည်ဒိုင်၌ ၂၀၂၂ ခုနှစ် ဇွန်လစတုတ္ထပတ်တွင် ပဲတစ်တင်းလျှင် ငွေကျပ် ၅၁၀၀၀ ဖြစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန်လစတုတ္ထပတ်တွင် ပဲတစ်တင်းလျှင် ငွေကျပ် ၈၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ခန့်ပိုမိုခဲ့သည်။ တစ်ရက်လျှင် အိတ်ရေ ၁၀ အိတ်မှ ၁၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲစင်းငုံ**

မုံရွာကုန်စည်ဒိုင်၌ ယခင်နှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၄၃၇၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၁၀၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ခန့် ပိုမိုခဲ့သည်။ တစ်ရက်လျှင် အိတ်ရေ ၁၅ အိတ်မှ အိတ် ၂၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲတီစိမ်း**

ယခင်နှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀ ပိုမိုခဲ့သည်။ တစ်ရက်လျှင် အိတ်ရေ ၂၅ အိတ်မှ ၃၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ကုလားပဲ**

ယခင်နှစ် ဇွန်လတွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ငွေကျပ် ၅၁၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀၊ 929 တစ်တင်းလျှင် ငွေကျပ် ၄၇၈၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၈၇၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ငွေကျပ် ၄၆၅၀၀ ဖြစ်ခဲ့ပြီး ယခုနှစ်ဇွန်လတွင် ပဲတစ်တင်းလျှင် ငွေကျပ် ၈၅၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ခန့် ပိုမိုခဲ့သည်။ တစ်ရက်လျှင် အိတ်ရေ ၃၀ မှ ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မြေပဲဆန်**

မုံရွာကုန်စည်ဒိုင်၌ ယခင်နှစ် ဇွန်လ စတုတ္ထပတ်တွင် မြေပဲဆန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀၊ ယခင်နှစ် ဇွန်လစတုတ္ထပတ်တွင် မြေပဲဆန်ဖြူ တစ်ပိဿာ လျှင် ငွေကျပ် ၄၃၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀၊ တစ်ပိဿာ လျှင် ငွေကျပ် ၂၅၀၀ မှ ၄၅၀၀ အထိ ပိုမိုခဲ့သည်။ တစ်ရက် လျှင် အိတ်ရေ ၁၀ အိတ်မှ ၁၅ အိတ်ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။

**နှမ်းမျိုးစုံ**

မုံရွာကုန်စည်ဒိုင်၌ ယခင်နှစ် ဇွန်လစတုတ္ထပတ်တွင် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၆၂၅၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၁၁၉၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၅၇၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၉၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ခန့်မှ ၅၅၀၀၀ ကျော်အထိ ပိုမိုခဲ့သည်။ တစ်ရက်လျှင် အိတ်ရေ ၃၀ မှ ၄၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင် ဈေးနှုန်းများစာရင်းအရ သိရသည်။

**သတင်းအရင်းအမြစ်- စီးပွား / ကူးသန်း**

# လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်

လှည်းကူး ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းအတွက် တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက မိုးစပါးစီမံကိန်းအတွက် MAYLAP ကုမ္ပဏီမှ တောင်သူ ၂၆ ဦး၊ မိုးစပါး စိုက်ဧက ၅၅၀ အတွက် CP ပုလဲမြေဩဇာအိတ် ၅၅၀၊ CP Compound (၁၅:၁၅:၁၅)အိတ် ၅၅၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



# တောင်ကြီးငှက်ဘေးမဲ့တော စိမ်းလန်းစိုပြည်လှပရေး ချယ်ရီပင်များ ကွက်လပ်ဖြည့်စိုက်ပျိုးပေး

တောင်ကြီး ဇူလိုင် ၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သစ်ပင်ချစ်သူများသည် ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ ရွှေမုဋ္ဌောဘုရားစောင်းတန်း အတက်လမ်းဘေးရှိ တောင်ကြီးငှက်ဘေးမဲ့တောစိမ်းလန်းစိုပြည်လှပရေး ချယ်ရီပင် ၁၈၀၀ နှင့် ထင်းရှူးပင်များ ကွက်လပ်ဖြည့်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ထင်းရှူးတောရှိ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းမှ ဆောင်ရွက်နေသော ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ အား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ၁/၂၀၂၃ ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ စိုက်ခင်းတွင်ထင်းရှူး၊ ပြည်လုံးချမ်းသာ၊ မာတာ ကွတ်ပင်များ စိုက်ပျိုးထားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ဥပဒေရေးရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

ကျိုက်မရော ဇူလိုင် ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဥပဒေရေးရာ အသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အေးလွင်က အွန်လိုင်းလောင်းကစားများနှင့် ပတ်သက်၍လည်းကောင်း၊ အများနှင့်သက်ဆိုင်သော နေရာများ၌ ပြုလုပ်သည့်ကစားပွဲများနှင့် လေ့ကျင့်ပွဲများတွင်လောင်းကစား ပြုလုပ်သူများကို အရေးယူခြင်းနှင့်ပတ်သက်၍ ဒုတိယမြို့နယ်ဥပဒေအရာရှိဒေါ်ထက်ထက်နိုင်ကလည်းကောင်း ဆွေးနွေးကြရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်နီလာထွန်းနှင့် ဒေါ်ဖူးပွင့်ခိုင်တို့က ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



# မြိတ်မြို့၌ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် အသိပညာပေး သင်တန်းဖွင့်လှစ်

မြိတ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် အသိပညာပေးသင်တန်း(၁/၂၀၂၃)ကို မြိတ်မြို့ မြန်အောင်ရပ်ရှိ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးခန်းမတွင် ဇူလိုင် ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက ရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် ငါး/ပုစွန်ပြုပြင်စက်ရုံများ လိုက်နာရမည့် ကောင်းမွန်သော ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်လုပ်မှုကျင့်စဉ်၊ ငါး/ပုစွန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တွင် လိုက်နာဆောင်ရွက်ရမည့် “စံ”၊ သန့်ရှင်းရေး ဆိုင်ရာနည်းလမ်းများ၊ ရေထွက်ပစ္စည်းများတွင် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော အချက်များကိုစိစစ်ဖော်ထုတ်၍ ထိန်းချုပ်ဆောင်ရွက်ခြင်း စသည့်သင်ခန်းစာများကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မော်လမြိုင် ဇူလိုင် ၇

မွန်ပြည်နယ် လူငယ်ရေးရာကော်မတီမှကြီးမှူး၍ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက် ၁၁ နာရီတွင် ပညာရေးဒီဂရီကောလိပ်၌ “လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ” အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထွန်းက “လူငယ်နှင့် အားကစားဆိုင်ရာ” အသိပညာပေးအကြောင်းအရာများအားလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က “လူငယ်နှင့် စာပေဆိုင်ရာ” ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးထံသို့ အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်မိညိုညိုရှိန်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ အိမ်တွင်းလက်မှုလုပ်ငန်း သင်တန်းဖွင့်လှစ်

ပန်းတနော် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ၅၂၈ ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ အိမ်တွင်းလက်မှုလုပ်ငန်း သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန (ပန်းတနော်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုမောင်က အိမ်တွင်းလက်မှုလုပ်ငန်း သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ၅၂၈ ပရဟိတအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သင်တန်းတွင် သင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို ဇူလိုင် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံပြား(အရှေ့)ကျေးရွာနေ လဲ့လဲ့ကြည်သည် ၎င်းအသုံးပြုသည့် “Lae Lae Kyi” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဲပြင်တောကျေးရွာနေ ဟန်ဇော်ဖြိုးသည် ၎င်းအသုံးပြုသည့် “Han Zaw Phyo” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာမြို့ အမှတ်(၃) ရပ်ကွက်နေ မောင်နိုင်(ခ)မြင့်စိုးသည် ၎င်းအသုံးပြုသည့် “Myint Soe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်နယ်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပ



မော်လမြိုင် ဇူလိုင် ၇

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ပြည်နယ်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက လှိုင်ရပ်ကွက် ပရိယတ္တိ ဓမ္မဗိမ္မာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျိုက်ထိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် ရေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း၊ မော်လမြိုင်ခရိုင် ကိုယ်စားပြု မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ သထုံခရိုင် ကိုယ်စားပြု ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ဇနီးတို့က အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော်များနှင့် လူပုဂ္ဂိုလ်များအား အမှတ်တရ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ခွဲအဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ကျိုင်းတုံ ဇူလိုင် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ခွဲအဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ သာသနဝိမာန်တော်ကြီး၌ ကျင်းပသည်။

ပြည်နယ်ခွဲအဆင့်ပြိုင်ပွဲတွင် ကျိုင်းတုံခရိုင် ဝတ်ရွတ်အသင်းနှင့် မိုင်းယောင်းခရိုင် ဝတ်ရွတ်အသင်းတို့ ရွတ်ဆိုပူဇော်ယှဉ်ပြိုင်ကြရာ ကျိုင်းတုံခရိုင် ဝတ်ရွတ်အသင်းက ပထမရရှိသည်။ ထို့နောက် ပထမရရှိခဲ့သည့် ကျိုင်းတုံခရိုင်ဝတ်ရွတ်အသင်းအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ယဉ်လှိုင်ဝင်းက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပြည်တက္ကသိုလ်(ဥပဒေပညာဌာန)မှ ကျောင်းသား ကျောင်းသူများအတွက် သရုပ်ပြ တရားရုံးတင်ဆက်မှုအခမ်းအနား ကျင်းပ

ပြည် ဇူလိုင် ၇

ပြည်တက္ကသိုလ် (ဥပဒေပညာဌာန)မှ ကျောင်းသား ကျောင်းသူများအတွက် သရုပ်ပြ တရားရုံးတင်ဆက်မှု အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ခရိုင် အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသက်လွင်က သရုပ်ပြတင်ဆက်မှု အခမ်းအနား ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝေဝေမြင့်က သရုပ်ပြတရားရုံးတင်ဆက်မှု ဆောင်ရွက်ခြင်းဖြင့် ဥပဒေကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ တရားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူလျင်မြန်စွာ သိရှိစေပြီး အကျိုးရှိရှိ အသုံးချတတ်စေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် သရုပ်ပြတရားရုံးတင်ဆက်မှု အဆင့်ဆင့်အား ပြည်တက္ကသိုလ် (ဥပဒေပညာဌာန)မှ ကျောင်းသား ကျောင်းသူများက သရုပ်ပြတင်ဆက်ခဲ့ကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်များက သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပါဝင်တင်ဆက်သူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ခရိုင် (ပြန်/ဆက်)

## ❂ ၂၀၂၃ အာဆီယံမှ

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ဂျပန်နိုင်ငံသားနည်းပြ ယုကီက နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာအသင်းသည် ဇွန်လဒုတိယပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၄ အာရှဖလား ယူ-၂၀ ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ၁၀ ရက်ဝန်းကျင်ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

## ပုသိမ်ကြီးမြို့နယ် ရေဝတီမြစ်အတွင်း ငါးကောင်ရေ ဆယ်သိန်း မျိုးစိုက်ထည့်ပေး

ပုသိမ်ကြီး ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ညောင်ကွဲဆိပ်ကမ်းအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းနှင့် ရေနံသာငါးလုပ်ငန်းစခန်းတို့မှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ခုနစ်သိန်း၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ဆယ်သိန်းအား ရေဝတီမြစ်အတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

❖ ကျောဖုံးမှ

winthumoe.10@gmail.com သို့ နောက်ဆုံးထား စာရင်းပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၆၉၉၀၀၆၀၀ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။ ရွေးချယ်ခံမည့် ကစားသမားများအနေဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ပိုင်း မွေးဖွားသူဖြစ်ရန် လိုအပ်ပြီး ကျောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့် မွေးစာရင်းတို့အား ယူဆောင်လာရမည်ဖြစ်ကာ အသက်မှန်ကန်ရန်အတွက် စနစ်တကျစစ်ဆေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆေးအဖွဲ့၏ စစ်ဆေးအတည်ပြုချက်ဖြင့်သာ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်အသင်းအတွက် အပြီးသတ်ကစားသမား ၁၈ ဦး ရွေးချယ်ပြီးပါက ဂျပန်နိုင်ငံသို့ သွားရောက်၍ U12 Junior Soccer World Challenge 2023 ပြိုင်ပွဲအား ဥရောပကလပ်များဖြစ်သည့် ဘာစီလိုနာလူငယ်၊ ဂျူဗင်တပ်လူငယ်၊ ဘိုင်ယန်မြူးနစ်လူငယ်၊ ဂျေလိဂ်လူငယ်ကလပ်များဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဒေသတွင် လက်ရှိအချိန်ထိ မြန်မာယူ၁၂ အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းခံထားရပြီး မကြာမီ ပြိုင်ပွဲဝင် အသင်း ၃၂ သင်း စာရင်းအား ထုတ်ပြန်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အကူအညီဖြင့် FIFA-MFF TDS Scouting Tour 2023 လူငယ်ကစားသမားများ ရွေးချယ်ပွဲကို ဧပြီနှင့်မေလများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင် နိုင်ငံတစ်ဝန်း ကျင်းပခဲ့ပြီး အကယ်ဒမီကျောင်းများအတွက် ယူ-၁၁၊ ယူ- ၁၂၊ ယူ- ၁၃၊ ယူ-၁၄၊ ယူ-၁၅ ကစားသမားများအား ရွေးချယ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မြန်မာယူ-၁၂ အသင်းရွေးချယ်ရန်အတွက် အထက်ပါကစားသမားများအပြင် နေရာဒေသအသီးသီးရှိ ကစားသမားများ ပါဝင်နိုင်ရေးအတွက် ယူ-၁၂ ကစားသမားရွေးချယ်ပွဲကို ထပ်မံပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၆,၀၇၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၆)ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၉၇,၇၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၇၁၈)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၅၀) ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်စိုး

**မြန်မာ့လက်ရွေးစင် ပစ္စတိုအားကစားသမားဟောင်း**
**အရှေ့တောင်အာရှရွှေတံဆိပ်ဆုရှင်**

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ (၃/၁၀)နေ (ဦးသောင်း-ဒေါ်သိန်းညွန့်)တို့၏သား၊ ဒေါ်ကြည်ဝိုင်း၏ ခင်ပွန်းဖြစ်သူ မြန်မာ့လက်ရွေးစင် ပစ္စတိုအားကစားသမားဟောင်း၊ အရှေ့တောင်အာရှ ရွှေတံဆိပ်ဆုရှင် တပ်ကြပ်ကြီးတင်စိုး(ငြိမ်း)၊ တပ်မတော် (လေ)သည် ၅-၇-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၌ (၈၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း/အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြရီ(မအူပင်)

### အသက်(၉၃)နှစ်

ဦးထွန်းမြင့်-ဒေါ်သိဂီမော်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မြရီ အသက်(၉၃)နှစ်သည် ၇-၇-၂၀၂၃ (သောကြာနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားခဲ့ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်တင်တင်အေး**
**CAIRO TAILORS**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြရီ(မအူပင်)

### အသက်(၉၃)နှစ်

ဦးထွန်းမြင့် - ဒေါ်သိဂီမော်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မြရီ အသက်(၉၃)နှစ်သည် ၇-၇-၂၀၂၃ (သောကြာနေ့) နံနက် ၆:၄၀နာရီတွင် ကွယ်လွန်သွားခဲ့ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ထွေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**Great Cairo Construction Co.,Ltd**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်(၁၂၆)၊ မြေကွက်အမှတ်(၄၈၆)၊ (၁၂၆)ရပ်ကွက်၊ နဝဒေးလမ်း၊ အိမ်အမှတ်(၄၈၆) ဟုခေါ်တွင်သော ဦးမောင်ရှိန် [၁၂/မဂဒ(နိုင်)၀၅၆၂၁၅] အမည်ပေါက် (၄၀x၆၀)ပေကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်တင် [၁၂/ ဗဟန(နိုင်) ၀၀၀၃၆၉]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်[LL.B(Q),HGP]**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကာယသုခ(၂) လမ်း၊ အမှတ် (၄၂၀)ဟု ခေါ်တွင်သော (၂ပင် x ၁ခန်း) တစ်ထပ်တိုက်ခံအိမ်နှင့် ၎င်းအိမ်တည်ရှိရာမြေတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး ၎င်းတို့ကသာ ရောင်းချပိုင်ခွင့်ရှိသူဟုပြောပြီး ဒေါ်ဥမ္မာဝင်း [၁၂/မဂတ(နိုင်)၁၁၄၇၃၂] နှင့် ဦးအောင်မိုးထွဋ် [၁၂/မဂတ(နိုင်)၁၁၇၄၇၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတိုင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းထွန်း** | **ဒေါ်ပွင့်ဖြိုးဝေ** |
| **[၉/ကဆန(နိုင်)၁၁၈၇၇၂]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၄၃/၁၇)** |

**B.A(Business Law), M.A(Business Law),**
**LL.B, D.B.L**
**အမှတ်-၂၉၂/ခ၊ မာလာမြိုင်လမ်း၊**
**ပေါက်တောရပ်ကွက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၄၇၇၉၇၇၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးနေဝင်း

**(တိုင်းရောင်းဝယ်ရေးအရာရှိ၊ M.P.P.E)**
**စွမ်းအင်ဝန်ကြီးဌာန (ငြိမ်း)**

### အသက်(၈၂)နှစ်

ဝင်းသင်နှင့်အဖွဲ့ လီမိတက်မှ Audit Partner ဒေါ်နေမင်းသန့်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးနေဝင်းသည် ၇-၇-၂၀၂၃ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Chairman, Vice Chairman**
**ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**ဝင်းသင်နှင့်အဖွဲ့လီမိတက်**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား ဒါယိကာမကြီး**

### ဒေါ်ဝင်းဝင်းပြုံး

### အသက်(၅၈)နှစ်

စည်သူ(၇၁)မှ ဗိုလ်မှူး မြင့်ကြည် (တမခ ၃၃ အငြိမ်းစား)၏ဇနီး၊ သမီးသုံးယောက်တို့၏ မိခင်၊ မြေးတစ်ယောက်၏ အဘွားဖြစ်သူ ဒေါ်ဝင်းဝင်းပြုံးသည် ၃၀-၆-၂၀၂၃ ရက်နေ့ ည ၁၁ နာရီတွင် ကျောက်ကပ်ရောဂါဝေဒနာဖြင့် န.မ.ခ ခုတင် (၃၀၀) စစ်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေစဉ် ကွယ်လွန်၍ မုံရွာမြို့ နေအိမ်မှ မြို့မသုသာန်သို့ နာရေးပို့ဆောင် သင်္ဂြိုဟ်ခဲ့ရာ လိုက်ပါပို့ဆောင် ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကျောက်ကပ်ဆေးကြောကုသစဉ် ဂရုတစိုက်ကုသပေးခဲ့ကြသည့် ဆရာဝန်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ စတင်ဖြစ်ပွားသည့် ၁၉-၇-၂၀၁၇ ရက်နေ့မှ ကွယ်လွန်ချိန်ထိ ကျောက်ကပ်သန့်စင်ဆေးကြောနိုင်ရေး၊ သွားလာနေထိုင်ရေး၊ စားသောက်ရေးမှအစ လိုအပ်သည်များကို အခက်အခဲမရှိအောင် စေတနာ၊ မေတ္တာ၊ ကရုဏာတရားများဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသော စည်သူ(၇၁)မှ သူငယ်ချင်းများနှင့် မိသားစုများ အားလုံး၊ စစ်ဘက်နယ်ဘက်တွင် အတူတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာသမားများ၊ အစ်ကိုကြီးများ၊ သူငယ်ချင်းများအားလည်းကောင်း၊ နှစ်ဖက်မိဘ ဆွေမျိုးညီအစ်ကိုမောင်နှမများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မ) မြေကွက်အမှတ် (၁၉-ခ)၊ အကျယ်အဝန်း (၆၀' x ၆၀')၊ (၃၆၀၀) စတုရန်းပေရှိ ဦးကျော်တင့် (ISN-369465) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော (၂၇' x ၆၀') ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညိုညိုမြင့် (၁၂/တမန (နိုင်) ၀၀၈၁၂၅) ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၃၂၀၀ ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇော်ဝမ်းထွန်း (၁၂/တမန (နိုင်) ၀၇၄၉၆၉) မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄ ၂၅၂၂၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)ရပ်ကွက်၊ မြေကွက်အမှတ်(၄၇၄/က)၊ အနော်ရထာလမ်းဟု ခေါ်တွင်သော ပေအကျယ်(၂၀x၆၀)ပေ၊ ဦးကျော်နီ ပါမစ် အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြသန်းအေး[၁၄/ဘကလ(နိုင်)၁၆၂၁၈၇]၊ ဦးကျော်ဦး[၁၄/ဘကလ(နိုင်)၁၆၂၁၈၈]၊ ဒေါ်ဌေးဌေးမြင့်[၁၄/ဘကလ(နိုင်)၁၆၂၁၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်အေး[၅/ပလန(နိုင်)၀၄၅၁၄၄]မှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၆)နေ ဒေါ်အိမွန်လွင် [၁၂/မဂတ(နိုင်)၀၉၃၀၀၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်အိမွန်လွင်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်-CL6(B5)၊ အခန်းအမှတ်(၇၀၈)၊ Type (2-Bedroom)၊ ဧရိယာ(၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အမည်ပေါက်ပိုင်ဆိုင်သူ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ (၃-အေ) စက်မှုရတနာလမ်း၊ အမှတ်(၇၅/အေ)နေ ဒေါ်သဲစုစုစိုး [၁၂/တမန(နိုင်)၁၀၇၈၉၉] ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၇)**
**အမှတ်-၅၆၅၊ ပထမထပ်၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့် MAC တာဝါ၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၄၁၈၁၃၆၂၊ ၀၉-၅၁၀၇၅၉၅**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်အေးအေးကြွယ်(ခ)မမထူး (ထူးရတနာ)

**သင်ပြနည်းဌာန၊တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ်၊**
**Premium EducationCentre (ကျောင်းအုပ်ကြီး)**

### အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးစံသွင်-ဒေါ်မြကြီး)တို့၏သမီး၊ (ဦးအာယား-ဒေါ်ကောက်) တို့၏သမီးချွေးမ၊ [ဦးဉာဏ်မြင့်(လက်ထောက်မန်နေဂျာ-စာရွေးစာပို့စခန်း)]၏ ချစ်လှစွာသောဇနီး၊ မအေးမို့မို့ဉာဏ်(ခ)မသန်းမေ၏ ချစ်လှစွာသောမိခင်ကြီး၊ [ဦးသိန်းအောင်-ဒေါ်တင်တင်လှ(ခ)မမတူး] တို့၏ညီမ၊ ဦးဒိုဏ်ဝဏ်းဟန်- ဒေါ်ခင်သန်းနု တို့၏အစ်မ၊ ဦးအောင်သူဝင်း-ဒေါ်ဇင်ဇင်ဝဏ်းဟန်၊ ဦးလင်းထိုက်-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ခိုင်ခိုင်ဝဏ်းဟန်၊ ဦးကိုကိုမောင်-ဒေါ်သစ်သစ်အောင်၊ ဦးအောင်ဇော်မင်း-ဒေါ်ခိုင်ခိုင်ရှိန်၊ ဦးအောင်လင်းထွဋ်-ဒေါ်စောယုယုနွယ်တို့၏ချစ်လှစွာသော အဒေါ်၊ မြေးခုနှစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၇-၇-၂၀၂၃ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇- ၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါ၍ အမှတ်(၆၇)၊ ပထမထပ်၊ (၇)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ဦးနေဝင်း

**(တိုင်းရောင်းဝယ်ရေးအရာရှိ၊M.P.P.E)**
**စွမ်းအင်ဝန်ကြီးဌာန (ငြိမ်း)**

### အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးလှမောင်-ဒေါ်နှင်း)တို့၏သား (ဦးဘကျော်-ဒေါ်ဝင်းရင်)၊ (ဦးစော)-ဒေါ်ဝင်းတင်၊ (ဦးကျော်မင်း)-ဒေါ်လှဝင်း၊ (ဦးဇော်မင်း)တို့၏ ညီ/မောင်၊ (ဦးအောင်မျိုးဟိန်း)-ဒေါ်နေမင်းသန့်(Partner, Win Thin & Associates.,Ltd)၊ ဦးညွန့်ဝင်း [Director (NY FACADE)Malaysia]-ဒေါ်မျိုးမင်းထက်၊ ဒေါ်ဝင်းမင်းမြတ် (1 NESS International School)၊ ဦးအောင်ဇော်ထွန်း-ဒေါ်ဟိန်းမင်းဝင်း၊ ဦးတင်မင်းထက် [E/O (MSS Shipping)-ဒေါ်သန္တာနွယ်၊ ဦးအောင်ရဲကျော် (1st Engineer, Gewin Maritime Ltd)-ဒေါ်အိအိခိုင် (Nursing Manager) (Victoria Hospital)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကွန်းကျောင်းလမ်း၊ အမှတ်(၂၆၇)နေ ဒေါ်ခင်ခင်လှ(လ/ထ ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန၊ ညွှန်ချုပ်ရုံး)၏ ခင်ပွန်းသည် ၇-၇-၂၀၂၃ (သောကြာနေ့) နံနက် ၆:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၉-၇-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ပဉ္စင်းဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေလိုပါသောကြောင့် ၁၃-၇-၂၀၂၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီထိ တောင်သူကုန်းရပ်ကွက်၊ မင်းကွန်းကျောင်းလမ်း၊ အမှတ် -၂၆၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းထွန်း

**အုပ်ချုပ်ရေးမှူး(ယုဇနပလာဇာ)**

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ(၂၁)လမ်းအနောက်၊ အမှတ်(၁၇)နေ(ဦးဘသိန်း-ဒေါ်စိန်ကြည်)တို့၏သားကြီး၊ (ဦးလှမြင့်-ဒေါ်အေးကြည်) တို့၏သားသမက်၊ ကိုစိုးကြည်-မလှယဉ်ဝင်း၊ ကိုနိုင်နိုင်-မယဉ်ယဉ်မင်း၊ ကိုကျော်ဇင်ဟိန်း-မသဲယုနိုင်တို့၏ မွေးသဖခင်၊ မယွန်းမီခင်၊ မခင်လဝန်းတို့၏ဘိုးဘိုး၊ ဒေါ်လှလှကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၂၃(ကြာသပတေးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၉၄၆/ခ၊ သရဖူ(၁)လမ်း၊ ဧရိယာ (၀.၀၃၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသာထွန်း[၁၂/မရက(နိုင်)၀၈၀၉၁၅]ဖြင့် အမည်ပေါက်မှတ်သားထားပြီး ယခုအပိုင်ရောင်းချသူ ဒေါ်မေသက်ဖူး [၁၀/မလမ(နိုင်)၂၁၆၁၄၅]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်းရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **(LL.B)(စဉ်-၁၀၅၇၇)** | **(LL.B)(စဉ်-၄၂၁၆၉)** | **(LL.B)(စဉ်-၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်း မပြုရသည့်အတွက် ဒေသတွင်းငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## (၁၁) ကြိမ်မြောက် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်အသင်း လူရွေးပွဲကျင်းပမည်



ရန်ကုန် ဇူလိုင် ၇

ဂျပန်နိုင်ငံ ချီဘားမြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိကျင်းပမည့် (၁၁) ကြိမ်မြောက် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်အသင်းအတွက် ကစားသမားရွေးချယ်ပွဲကို ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား ဘောလုံးအကယ်ဒမီလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်း ယူ-၁၂ ကစားသမား ရွေးချယ်ပွဲကို နိုင်ငံတစ်ဝန်းမှ အသက်မီသည့်မည်သည့် လူငယ်ကစားသမားမဆို လာရောက်ရွေးချယ်ခံနိုင်မည်ဖြစ်ပြီး လာရောက်ရွေးချယ်ခံမည့် လူငယ်ကစားသမားများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် Facebook တွင် တင်ရှိထားသည့် Link တွင် Download ရယူ စာရင်းသွင်း၍ ဇူလိုင် ၁၂ ရက် (ရုံးချိန်အတွင်း)

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၇

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပလျက်ရှိသည့် ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ စတုတ္ထနေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**အုပ်စုသုံးခုခွဲ၍ ကျင်းပလျက်ရှိ**

ပြိုင်ပွဲစတုတ္ထနေ့တွင် အုပ်စုပွဲစဉ် နှစ်ပွဲကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အုပ်စု (ခ) ဒုတိယနေ့အဖြစ် စင်ကာပူအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တီမော၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ဂ) တွင် ထိုင်း၊ မြန်မာနှင့် ဖိလစ်ပိုင် အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး တစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❂



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကစားသမားများ လေ့ကျင့်နေစဉ်။


**ယနေ့ ဖတ်စရာ**

**သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၆

**အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်မည့်နေ့ရက် ကြေညာ**
စာမျက်နှာ » ၇

**ဂျပန်အစိုးရက ဉာဏ်ရည်တုနည်းပညာသုံး စူပါကွန်ပျူတာ ထုတ်လုပ်ရန် စီစဉ်လျက်ရှိ**
စာမျက်နှာ » ၁၃

**တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄

**မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံ၊ မြေပဲနှင့် နှမ်းမျိုးစုံတို့၏ ဈေးနှုန်းပြောင်းလဲမှုအခြေအနေ**
စာမျက်နှာ » ၁၅